# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၀၈)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နှုတ်ကို အစဉ်စောင့်စည်းရာ၏။ စိတ်ကို ကောင်းစွာ ထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုရာ။ ဤသုံးပါးသော ပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ဟောကြားအပ်သောမဂ်ကို ပြီးစီးစေရာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပုဂံဒေသရှိ သဗ္ဗညုဂူဘုရား ရေရှည်တည်တံ့စေရန် ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိ

စာ - ၇ သို့





## နဝမအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေး ပထမနေ့ကျင်းပ

စာ - ၁၂ သို့

## နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် အလေးအနက်ထားတိုက်တွန်းအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်ကျရောက်သည့် (၇၈)နှစ်မြောက် **"ချင်းအမျိုးသားနေ့"** နေ့ထူးနေ့မြတ်အခါသမယ၌ ချင်းတိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများ အားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူစည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါသိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသောတိုင်းရင်းသားပြည်သူတို့နှင့်အတူ နယ်ချဲ့တို့ကို ရဲဝံ့စွန့်စားစွာ ခုခံတော်လှန်ခဲ့ကြပါသည်။

ထို့ပြင် လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလက ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှျုရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်) သတိုးမဟာသရေစည်သူ ဦးဝမ္မသူးမောင်၊ နိုင်ငံ့ဂုဏ်ရည်(ပထမအဆင့်) သီရိပျံချီ ဦးထပ်လိုင်းတို့သည်လည်းကောင်း၊ လွတ်လပ်ရေးရပြီးကာစ ပြည်တွင်းဆူပူသောင်းကျန်းမှုကိုချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီး ဟရန်ထီးယို၊ ဒုတိယဗိုလ်မှူးကြီးလျန်ကျင့်ဇမ်း၊ ဗိုလ်ကြီးသူရ

စာမျက်နှာ ၅ ကော်လံ ၁ ☆

## ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များ(Private Cinema) ဖွင့်လှစ်ပြသနေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

စာ - ၁၅ သို့

## ဆိပ်ဖြူမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် အနီးကပ်သင်ကြားပို့ချ

စာ - ၃ သို့

**ဆောင်းပါး**

## လျှပ်စစ်ဆိုင်ရာမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ပါ

စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်)

# ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်း

တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသ၏လမ်းပန်းဆက်သွယ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုအထူးလိုလားကြသည်။ ဒေသအတွက်လိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး စသည်ဖြင့် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရထံ တင်ပြကြသည်။ နိုင်ငံတော်အကြီးအကဲသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးရန် သွားရောက်ခြင်းဖြစ်ပေရာ ဖေဖော်ဝါရီလ ၁၆ ရက်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့် လေရှီးမြို့တို့သို့ရောက်ရှိသည်။ မိမိတို့ဒေသများသို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်လာရောက်သည်ကို ဒေသခံပြည်သူတို့က ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သွားလာရန်ခက်ခဲသည့် နာဂဒေသတွင် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ လဟယ်ဒေသနှင့်နန်းယွန်းဒေသသို့ဆက်သွယ်သည့်လမ်းအား ရာသီမရွေးသွားလာနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်မသို့ဆက်သွယ်သည့်လမ်းများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပစ္စည်းများသယ်ယူပို့ဆောင်ရန်အခက်အခဲများရှိသည်။ ထို့ကြောင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုများလုံခြုံချောမွေ့စေရေးကို နိုင်ငံတော်အနေဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ လဟယ်မြို့တွင် ရိုးရာပွဲတော်ကျင်းပပြုလုပ်ရန်အတွက် ပွဲတော်ကွင်းနှင့် ဘက်စုံသုံးခန်းမတည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် နာဂဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး ပြည်မအတွင်းသို့ဆက်သွယ်သည့်လမ်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ယခုအခါ လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေစေရေးအတွက် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၆ ရက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နှင့်လေရှီးမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ် **"နာဂဒေသတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွက်လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏သားသမီးများအား ပညာတတ်လူသားအရင်းအမြစ်များအဖြစ်ဆောင်ရွက်ပြီး ၎င်းတို့၏အနာဂတ်ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပြီးစီးပါက ဟုမ္မလင်းမြို့ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့တက်ရောက်ပြီး ဒီပလိုမာဘွဲ့များရရှိအောင် ဆက်လက်သင်ကြားနိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာပြီးဆုံးအောင်သင်ကြားနိုင်ရေး နိုင်ငံတော်မှလည်း တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းတွင်းတံတား(ထမံသီ)အား ဖေဖော်ဝါရီလ ၁၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းအား အမြန်ဆုံးပြီးစီးနိုင်ရေးကိုလည်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ချင်းတွင်းတံတား(ထမံသီ)မှာ တံတားအရှည် ၂၆၂၈ ပေရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားအဖြစ် ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀ ရှိသည်။ ယခုကဲ့သို့ ချင်းတွင်းတံတား(ထမံသီ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်သူများ၏လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များအား လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေးတို့ကို များစွာအထောက်အကူဖြစ်စေသည်။

ထို့အတူ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းအား ၂၀၂၃ ခုနှစ်မှစတင်တည်ဆောက်ခြင်းဖြစ်ပြီး ၄ မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ်နာရီသန်းကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက လဟယ်မြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ အိမ်ထောင်စု ၁၇၁၈ စုကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများက မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးက တစုတစည်းတည်းလျှောက်လှမ်းရန်လိုအပ်သည်။ သို့မှသာ မိမိနိုင်ငံ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအောင်မြင်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မုံရွာခရိုင်၌ ထောပတ်ပဲသီးနှံ ၁၄၂၆ ဧက စိုက်ပျိုးနိုင်ခဲ့

မုံရွာ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ထောပတ်ပဲသီးနှံ ၁၄၂၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ထောပတ်ပဲသီးနှံ ဧက ၁၄၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၁၄၂၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ထောပတ်ပဲကို ဆောင်းရာသီမှာပဲ စိုက်ပျိုးကြတာပါ။ ထောပတ်ပဲသီးနှံစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲသီးနှံဟာ ဈေးကောင်းရရှိတဲ့အတွက်ကြောင့် အားထားစိုက်ပျိုးကြတာဖြစ်တယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်၌ ၉၆၅ ဧက၊ ဘုတလင်မြို့နယ်၌ ဧက ၈၀ နှင့် ချောင်းဦးမြို့နယ်၌ ၃၈၁ ဧက စုစုပေါင်း ၁၄၂၆ ဧကတို့ဖြစ်သည်။

မုံရွာခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံများကို သီးသန့်စိုက်ပျိုးကြသလို အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းများတိုးတက်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး တောင်သူနည်းပညာပေးခြင်းလုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၁၃-၇၃၉၉၈၊ ဖက်စ် ၀၁၃-၇၃၉၉၉/၀၆၂-၂၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၁၃-၇၄၀၀၆၊ ၀၁၃-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၃-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆိပ်ဖြူမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် အနီးကပ်သင်ကြားပို့ချ

ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ Grade-12 ကျောင်းသား၊ ကျောင်းသူများနှင့် ကြီးကြပ်သူတာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာသင်ကြားသည့် ဆရာ၊ ဆရာမများအတွက် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် အနီးကပ်သင်ကြားပို့ချခြင်းကို ဖေဖော်ဝါရီလ ၁၈ ရက်က ဆိပ်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် သက်ဆိုင်ရာကျောင်းများ၌ ဆောင်ရွက်သည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် အနီးကပ်သင်ကြားပို့ချခြင်းကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အုပ်ထိန်းသူမိဘများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် အနီးကပ်သင်ကြားပို့ချရခြင်း၏ရည်ရွယ်ချက်များ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးကဏ္ဍတို့အတွက် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အွန်လိုင်းစနစ်ဖြင့် အနီးကပ်သင်ကြားပို့ချမှုများကို ဆက်လက်ဆောင်ရွက်ရာ တက္ကသိုလ်များမှ ဘာသာရပ်များအလိုက် သင်ကြားပို့ချပြီး ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုရမည့် စာမေးပွဲမေးခွန်းပုံစံများကို ရှင်းလင်းတင်ပြသည်။



တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် အနီးကပ်သင်ကြားပို့ချခြင်းကို ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်လျက်ရှိကြောင်း၊ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် အနီးကပ်သင်ကြားပို့ချခြင်းကို ဆိပ်ဖြူမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၁၉၈ ဦး၊ ဘာသာရပ်သင် ဆရာ၊ ဆရာမများနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမ ၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်လှစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စက်မှုဇုန်ကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ လုပ်ငန်းရှင်နှင့် စက်မှုဇုန်ရပ်ကွက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း (၁/၂၀၂၆)ကို ဖေဖော်ဝါရီလ ၁၉ ရက်တွင် စစ်ကိုင်းမြို့စက်မှုဇုန်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က စက်ရုံများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး စက်ရုံများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

အိမ်မဲ ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၃၄၆၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် မတ်ပဲ ဧက ၃၄၈၂၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားကေထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ မတ်ပဲတွေလျာထားချက်အတိုင်း အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့တာကြောင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းပညာတွေကို မစိုက်မီ မြေပြင်အထိ ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေဘက်ကလည်း စိုက်ပျိုးရေးနည်းပညာတွေ တောင်းခံတာရှိနေလို့ တောင်သူပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်လုပ်ဆောင်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲအထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ရိတ်သိမ်းချိန်အထိ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ မတ်ပဲများ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ စနစ်တကျပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

# မန္တလေးဈေးကွက်အတွင်း နေလှည့်စေ့များဝင်ရောက်ကာ အရောင်းအဝယ်သွက်လျက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ အလေ့ကျပေါက်ရောက်လေ့ရှိသော နေလှည့်ပင်များမှထွက်ရှိသည့် နေလှည့်စေ့များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကာ အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်း ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ တခြားသီးနှံစိုက်ခင်းများအတွင်း အလေ့ကျပေါက်ရောက်သော နေလှည့်ပင်များမှ နေလှည့်စေ့များကို မန္တလေးမြို့ရှိ ပွဲရုံများက တရုတ်နိုင်ငံသို့တင်ပို့ရန် ရသလောက်ဝယ်ယူနေကြကြောင်း သိရသည်။

"နေလှည့်စေ့ပင်တွေက ကုလားပဲခင်း၊ ရေတ်ခင်း၊ ကြက်သွန်ခင်း စတဲ့စိုက်ခင်းတွေမှာ အလေ့ကျရောနှောပေါက်ရောက်လေ့ရှိပြီး အရင်တုန်းက အဓိက စိုက်ပျိုးထားတဲ့ သီးနှံပင်တွေကို အနှောင့်အယှက်ဖြစ်တယ်ဆိုပြီး ပေါင်းသတ်ဆေးနဲ့ ရှင်းပစ်ကြပါတယ်။ နောက်ပိုင်းမှာ နေလှည့်စေ့က နိုင်ငံခြားဈေးကွက်ဝင်ပစ္စည်းဖြစ်လာတာ ခြောက်နှစ်လောက်ရှိပါပြီ။ အခုချိန်က နေလှည့်စေ့ထွက်ပေါ်တဲ့အချိန်ဖြစ်ပြီး ဝယ်လိုအားကောင်းတာကြောင့် အရောင်းအဝယ်သွက်သလို ဈေးကောင်းလည်းရနေပါတယ်"ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

နေလှည့်စေ့များသည် တိုင်းရင်းဆေးဝါးများနှင့် အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အသုံးဝင်သည့်အတွက် ကုန်သည်ဝယ်လက်များက ရသလောက်ဝယ်ယူနေကြပြီး လက်ရှိတွင် ပျော်ဘွယ်၊ ရမည်းသင်း၊ မုံရွာနှင့် တပ်ကုန်း စသည့်ဒေသတို့မှ ထွက်ရှိသော နေလှည့်စေ့များကို မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချနေကြကြောင်း၊ မကြာမီ စလင်း၊ ဆင်ဖြူကျွန်းနှင့် မြင်းခြံ စသည့်ဒေသတို့မှလည်း နေလှည့်စေ့များထွက်ရှိကာ မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ အလေ့ကျပေါက်ရောက်မှုမှ ဈေးကွက်ဝင်ဖြစ်လာသော ဝဥနှင့် ကြောင်ပန်းစေ့များကို တောင်သူများက ယခုအခါ စီးပွားဖြစ်စိုက်ပျိုးလာကြပြီဖြစ်ပြီး အဆိုပါ ဝဥနှင့် ကြောင်ပန်းစေ့များနည်းတူ နေလှည့်စေ့များကိုလည်း စိုက်ခင်းများဖြင့် စနစ်တကျ တိုးချဲ့စိုက်ပျိုးနိုင်လျှင် တောင်သူများအနေဖြင့် မိသားစုဝင်ငွေ ပိုမိုရရှိလာနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ဘယ်သူလဲဟင်'

'နံပါတ်ဘယ်လောက်လဲ'

ညီအစ်ကိုနှစ်ဦးစလုံး ပြိုင်တူမေးမိကြသည်။ မေးမည့်သာမေးသော်လည်း နံပါတ်တစ်နှင့်နှစ်ကလွဲ၍ သူတို့မြင်ဖူးကြသည်မဟုတ်ချေ။

'နံပါတ်နှစ်လေ'

'သိတယ်၊ တစ်ခါတွေ့လိုက်ဖူးတယ်၊ သားလေးတစ်ယောက်ရှိတယ်မဟုတ်လား'

ကျော်ထွန်းညိုကမေးသည်။ သက်သက်သည် စုလှိုင်၏အမည်ကိုကြားရုံနှင့် လှုပ်ရှားလာသောကျော်ထွန်းညိုအားမော်ကြည့်ရင်း ပင့်သက်လေး မသိမသာရှိုက်မိသည်။ ခေါင်းကို ဖြည်းလေးစွာညိတ်ပြသည်။

'ဟုတ်တယ်၊ သနားစရာလေး'

'ဘယ်အရွယ်လောက်ရှိပြီလဲ'

လေးနှစ်လောက်ရှိရောပေ့ါ၊ သက်သက်ကိုမြင်တော့ ပြေးလာပြီး သူ့အမေကိုနှိုးပေးပါလို့ပြောနေသေးတယ်၊ နောက်ပြီး အလောင်းဘေးမှာ ငိုမဲ့မဲ့လေးရပ်ပြီး မေမေထထလို့ သွားနှိုးတယ်ကိုကိုရယ်၊ သက်သက်လည်း မျက်ရည်မထိန်းနိုင်တော့ဘူး'

သက်သက်သည် ပြောရင်းမျက်ရည်ဝဲလာသည်။ သနားတတ်၊ ချစ်တတ်ပြီး မျက်ရည်လွယ်သောသက်သက်ခမျာ သူ့လူနာများနှင့် ပတ်သက်ပြီး ငိုရပေါင်းများလှချေပြီ။

'နင်နဲ့ခင်လို့ အသုဘလိုက်ပို့တာလား'

'အင်း၊ သူက တစ်မျိုးပဲ၊ သူသေရင် အသုဘပို့နော်လို့ မှာသွားတယ်။ ဒါနဲ့ ငါလည်း မဖြစ်ဖြစ်အောင်ပို့တာ'

မျက်ရည်ဝဲနေသော သက်သက်ကိုကြည့်ရင်း အမာညိုသည် သူပါ ငိုချင်လာသည်။

'စုလှိုင်ရော လာလားဟင်'

'မမကလဲ၊ လာမလားဗျ'

ဆုတ်ဆိုင်းဆိုင်းမေးသော အမာညို့ကို မသိသားဆိုးဝါးရန်ကောဟူသော မျက်နှာထားဖြင့် ညီလင်းက လှမ်းပြောသည်။

'မဆုံးခင်တစ်ရက်က လာတယ်တဲ့'

'ဟယ်၊ အဟုတ်'

'အင်း၊ ဟုတ်တယ်။ ကလေးထိန်းတဲ့အန်တီကြီးကပြောတယ်၊ မမစောနဲ့နှစ်ယောက်တည်းတွေ့ကြတယ်တဲ့'

ကျော်ထွန်းညိုသည် သက်သက်ကိုငေးကြည့်ရင်း သူတို့နှစ်ဦး ဘာစကားများပြောကြလေမည်နည်းဟု စဉ်းစားနေမိသည်။ အမာညိုသည်လည်း စုလှိုင်အကြောင်းကို တွေးနေမိသောကြောင့် ပေါက်ကျိုင်းကို ခေတ္တမေ့သွားလေသည်။

အတန်ကြာငြိမ်နေမိကြပြီးနောက်မှ ညီလင်းညိုက နေရာမှထသည်။

'ကျွန်တော် အဆောင်သွားကြည့်ဦးမယ်၊ ကိုကို လိုက်မလား'

'ငါလည်း ကျောင်းဘက်သွားချင်သေးတယ်'

သက်သက်အတွက် မမစောဆုံးခြင်းက အရေးကြီးသော်လည်း သူတို့အတွက်မူ ကျောင်းပိတ်ခြင်းက ပို၍အရေးကြီးလေသည်။ မမစောအကြောင်းကို စုလှိုင်နှင့်နွှယ်၍ ခေတ္တမျှစိတ်ဝင်စားလိုက်သော်လည်း စိတ်ထဲတွင် ကြာရှည်စွဲမှတ်ထားလိုဟန်မရှိကြပေ။

အခန်းထဲမှထွက်သွားသော ကျော်ထွန်းညိုကိုကြည့်ရင်း အမာညိုသည် ပေါက်ကျိုင်းကိုတွေ့ပါက အိမ်ကိုလာခဲ့ဟုပြောလိုက်ပါဟု မှာလိုစိတ်နှင့် ပါးစပ်ယားနေသည်။ သို့သော်လည်း 'ကဲလှချေလား'ဟု အငေါက်ခံရမည်စိုးသောကြောင့် မမှာရဲချေ။ ထို့ပြင် အတန်ငယ်လည်း ရှက်နေသည်။ ထို့ကြောင့် သူတို့ညီအစ်ကို အောက်ထပ်ဆင်းသွားသည်အထိ ဘာမှမမှာဖြစ်ဘဲ မောကျန်ခဲ့လေသည်။

**''ကျော်ထွန်းညိုသည် သက်သက်ကိုငေးကြည့်ရင်း သူတို့နှစ်ဦး ဘာစကားများပြောကြလေမည်နည်းဟု စဉ်းစားနေမိသည်။ အမာညိုသည်လည်း စုလှိုင်အကြောင်းကို တွေးနေမိသောကြောင့် ပေါက်ကျိုင်းကို ခေတ္တမေ့သွားလေသည်. . ."**

'မိမာညို၊ နင်အိပ်ရာထဲမှာပဲနေနေရတာ ပျင်းနေမှာပေ့ါ'

'အင်း၊ သိပ်ပျင်းတာပဲ'

အမာညိုသည် သက်သက်ပန်ထားသော စံပယ်ကုံးလေးကို လက်ဖြန့်တောင်းသည်။ နှစ်ကုံးရှိသည့်အနက် တစ်ကုံးကို ဖြုတ်ပေးလိုက်ရလေသည်။

'ငါလေ နေရတာငြီးငွေ့ပြီး ပျင်းခြောက်ခြောက်ကြီး၊ တစ်ခုခုထူးထူးဆန်းဆန်းလုပ်ချင်စိတ် ပေါက်ပေါက်လာတယ်'

'ဘာများ အထူးအဆန်းလုပ်ချင်တာလဲ၊ ပျင်းရင် မျောက်က ကပေ့ါ၊ ထဘီခါးတောင်းကျိုက်ပြီး လမ်းမမှာ လျှောက်ချင်နေလို့လား'

သက်သက်က အရွှန်းဖောက်၍မေးသည်။ အမာညိုသည် မရယ်မပြုံးနှင့် ငေးနေသည်။ စံပယ်ပန်းကုံးလေးကို အသာအယာရှိုက်နမ်းနေသည်။ ထို့နောက်မှ မရေမရာလေးပြောသည်။

'ယောကျ်ားယူရရင် အပျင်းများ ပြေမလားမသိဘူး'

■ ■ ■ ■ ■

'မိညို လင်နောက်လိုက်သွားပြီ'

နားရှိ၍သာကြားလိုက်ရသော်လည်း သက်သက်မယုံချင်ပေ။ သူ့ရှေ့တွင် အငိုင်သားရပ်နေသော ကျော်ထွန်းညိုကို မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိသည်။

'မယုံဘူးလား မိသက်၊ ခွေးညိုတစ်ကောင် တကယ်လင်နောက်လိုက်သွားတာ'

'ဘယ် ဘယ်သူနဲ့လဲ'

'ဘယ်သူဖြစ်ရဦးမှာလဲ၊ ဟိုပေါက်ကျိုင်းဆိုတဲ့ငနာလေးနဲ့ပေ့ါ'

'နောက်နေတာလား ကိုကိုရယ်'

သက်သက်က မယုံမရဲနှင့်ထပ်၍မေးမိသည်။ ကိုကို့မျက်နှာကိုကြည့်၍ နောက်ပြောင်ခြင်းတော့မဟုတ်တန်ရာဟု ထင်မိသော်လည်း သေသေချာချာလည်းမယုံရဲချေ။

'ကျောင်းတွေပိတ်တော့ ဟိုကောင်က ချက်ချင်းအိမ်မပြန်ဘူးလေ၊ သူတို့အတန်းထဲက မြတ်ကိုကိုဆိုတဲ့လူ အိမ်မှာကပ်နေတယ်၊ နောက်သူပြန်မယ့်နေ့ကျတော့ ဟိုဆတ်ဆလူးမက မေမေကြီးကို ဘူတာရုံလိုက်ပို့ပါရစေဆိုပြီး အတင်းပူဆာသတဲ့၊ မေမေတို့က သူတို့မရိုးဘူးဆိုတာသိပေမယ့် ဘူတာရုံလောက်ပို့တာ ကိစ္စမရှိဘူးဆိုပြီး လွှတ်လိုက်တယ်တဲ့၊ ဟိုကျတော့ ဘာစိတ်ပေါက်တယ်မသိဘူး ဟိုကလည်းခေါ်၊ သူကလည်း အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ရထားပေါ်တက်လိုက်သွားသတဲ့ကွာ၊ သမီးအမိုက်ကိုခွင့်လွှတ်ပါဆိုတဲ့စာကိုတော့ ညနေစောင်းမှ ကောင်လေးတစ်ယောက်လာပို့တယ်လေ'

'ဖြစ်မှဖြစ်ရလေ အမာညိုရယ်'

သက်သက်က ရယ်ချင်ငိုချင်နှင့်ညည်းလိုက်မိသည်။ 'ယောကျ်ားယူရလျှင် ကောင်းမယ်'ဟု အမာညိုကပြောခဲ့သော်လည်း အတည်ပေါက်ပြောသည်ဟု မထင်ခဲ့ပေ။ တကယ်ယူသွားလိမ့်မည်ဟူ၍လည်း တွေးပင်မတွေးမိခဲ့။

'မေမေကြီးဖြင့် ဒေါကန်လွန်းလို့ ဝုန်းဒိုင်းကိုကြဲသွားတာပဲ၊ ငါးရံ့ပြာလူးတွေရော၊ ငါးရစ်တက်တာတွေရော ဆဲလိုက်တာလည်းစုံလို့၊ မေမေဆို ငိုရော'

အမာညိုသည် အသက်နှစ်ဆယ်ပင်တင်းတင်းပြည့်သေးသည်မဟုတ်ပေ။ ပညာလည်း စုံသေးသည်မဟုတ်၊ အိမ်ထောင်ရေးနယ်ထဲသို့ ခြေစုံပစ်ဝင်ရန် အချိန်မတန်သေးပေ။

'သူတို့ကို ဘယ်သူကမှလည်း တားနေတာမဟုတ်ဘူး၊ အချိန်တန်လို့ဘွဲ့ရတော့ ယူကြပေ့ါ၊ ခုတော့ တစ်ခါတည်း မအောင့်နိုင်မအည်းနိုင်၊ ဒါကြောင့်မို့ မေမေကြီးကပြောတာ'

'မေကြီးက ဘာပြောလို့လဲ'

သက်သက်က စကားလမ်းကြောင်းကို ပြောင်းလိုက်သည်။ အစ်ကိုအရင်းခေါက်ခေါက်ကတော့ ဘယ်လိုနေမည်မသိ။ သက်သက်၏ရင်ထဲတွင်ပင် ကတုန်ကယင်ကြီးဖြစ်နေသည်။ ကိုယ့်ထက်ဒေါသဖြစ်နေသူကိုတွေ့ရသောကြောင့်သာ ကိုယ့်ဒေါသက ငြိမ်နေခြင်းဖြစ်သည်။ ယခုနေ အမာညို့ကိုသာတွေ့ရလေလျှင် ပခုံးနှစ်ဖက်ကို ကိုင်ဆောင့်မိမည်လားမပြောတတ်ပေ။

'ရိုင်းပါတယ်ကွာ'

'ပြောပါကိုကိုရဲ့'

'တော်သလင်းခွေးတွေတဲ့'

'ဟာ မေကြီးကလဲ'

သက်သက်က ရယ်လိုက်မိသည်။ မှုန်တေတေဖြစ်နေသော ကျော်ထွန်းညိုကလည်း မချိသွားဖြဲနှင့်ရယ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## စာစစ်ဌာနများနှင့် စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေး



ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများနှင့် စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေးခြင်းကို တာဝန်ရှိသူများပူးပေါင်း၍ ဖေဖော်ဝါရီလ ၁၈ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူအောင်က စက်သုံးဆီဆိုင်များ၌ မီးသတ်ဆေးဘူးများထားရှိမှု၊ ရေ၊ သဲနှင့် မီးချိတ်၊ မီးကပ်များ စနစ်တကျထားရှိမှုနှင့် အရေးပေါ်မီးလောင်မှုဖြစ်ပါက ဆောင်ရွက်ရမည့်လုပ်ငန်းများကို စက်သုံးဆီအရောင်းဆိုင်များမှ တာဝန်ခံများနှင့်ဝန်ထမ်းများအား ရှင်းလင်းပြောကြားပြီး ရေကန်များ ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများ၌ မီးငြိမ်းသတ်ရေးပစ္စည်းနှင့် မီးသတ်ဆေးဘူးများထားရှိမှုအခြေအနေများ၊ မီးစနစ်တကျဂရုပြုသုံးစွဲရေး၊ အမှိုက်နှင့် လောင်စာများ စနစ်တကျစွန့်ပစ်ရေး၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အသိပညာပေးစစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။

ချမ်းမြေ့

## သာယာဝတီမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်တွင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

သာယာဝတီ ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် ပန်းချီရေးဆွဲနည်း အတတ်ပညာများကို အခြေခံမှစ၍သိရှိကာ စနစ်တကျရေးဆွဲတတ်စေရန်ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ဖေဖော်ဝါရီလ ၁၉ ရက်တွင် သာယာဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းတွင် အခြေခံပညာအထက်တန်းကျောင်း (သုံးဆယ်)မှ အထက်တန်းပြဆရာ ဦးလှဦးက အခြေခံပန်းချီရေးဆွဲနည်းကို အခြေခံမှစတင်ကာ စာတွေ့၊ လက်တွေ့သင်ကြားပေးသည်။

ယင်းသင်တန်းတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၁ ရက်အထိဖြစ်ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

☆ **ရှေ့ဖုံးမှအဆက်**

အောင်ဆန်းသူရိယ တိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျကျော်ထင် ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများက နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့်တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့်ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းတွင်မော်ကွန်းတင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးခါစ ၁၉၄၈ ခုနှစ်၊ ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို **"ချင်းအမျိုးသားနေ့"**အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး အခမ်းအနားများ နှစ်စဉ်ဂုဏ်ယူစွာ ကျင်းပခဲ့သည်မှာ (၇၈)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

**❖ ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်းဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကိုဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမား . . .**

**❖ လက်နက်ကိုင်အကြမ်းဖက်မှုများ၏ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်၊ ပျက်စီးဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်၊ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့် အခြေအနေတွင် ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏ အင်အားကိုလျော့ပါးစေပြီး မူလအခြေအနေပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည် . . .**

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်လာခဲ့သည့် သံယောဇဉ်နှင့်ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိကြသည့် ပြည်တွင်းပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒ သွတ်သွင်းနေမှုများကို အထူး

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အသိပညာ၊ အတတ်ပညာရှိသူများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်သည်အထိ ပညာသင်ယူခွင့်ရရှိရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိ၊ KG+9 ပြီးမြောက်အောင်မြင်သူများ အသက်မွေးဝမ်းကျောင်းမှုပညာများသင်ယူနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပြီး လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိ . . .**

**❖ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိ. . .**

သတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

ယခု ကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့်မဲမသမာမှုရလဒ် ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အဓမ္မနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသော မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးပြီး နယ်မြေနှင့်အာဏာချဲ့ထွင်ရန် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ် အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင် ဖြစ်ပါသည်။ ပျက်စီးဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့်အခြေခံအဆောက်အအုံများပင် ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့် အခြေအနေတွင် ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှ ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရေး ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက် (၄) ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားရေးကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီး တိုးတက်ကောင်းမွန်လာမည်ဖြစ်ရာ ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် စီးပွားရေးဆိုင်ရာများကို ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့်စနစ်ကျသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်၊ ဒေသတွင်းမှထွက်ရှိသည့်စိုက်ပျိုးရေးနှင့်မွေးမြူရေး ကုန်ပစ္စည်းများကို အခြေခံ၍ အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများဖြင့် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ကြပြီး ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရေးနှင့်ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအထိပါကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့်နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်မှ ရည်မှန်းတည်ဆောက်နေသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးကျန်းမာကြံ့ခိုင်ပြီး အသိပညာ၊ အတတ်ပညာပြည့်စုံကြရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အသိပညာ၊ အတတ်ပညာရှိသူများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်သည်အထိ ပညာသင်ယူခွင့်ရရှိရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ KG+9 ပြီးမြောက်အောင်မြင်သူများ အသက်မွေးဝမ်းကျောင်းမှုပညာများ သင်ယူနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပြီး လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

အခြေခံပညာနှင့်အဆင့်မြင့်ပညာများကို ဒေသအလိုက် လက်လှမ်းတမီသင်ယူနိုင်ရေး ကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။ ကျောင်းနေအရွယ်လူငယ်တိုင်း ကျောင်းနေရေး၊ အချိန်မတိုင်မီကျောင်းထွက်မှုမရှိစေရေး၊ ပညာရေးကို ဆုံးခန်းတိုင်သင်ယူပြီး ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် သင်ကြားသင်ယူ မွေးထုတ်ပေးနိုင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်၊ လူသားအားလုံးအတွက် ပညာရေးနည်းတူ ကျန်းမာရေးသည်လည်း အဓိကကျသဖြင့် နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှု၊ အသိပညာပေးမှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ လူတိုင်းအသက်ရှည်ကျန်းမာအောင် ကိုယ်တိုင်ကျင့်ကြံနေထိုင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ **(၂၀၀၈ ခုနှစ်)** နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံတော်တာဝန်များကို တပ်မတော်က ခေတ္တထိန်းသိမ်းရယူခဲ့ရပါသည်။ ထိုသို့ စတင်တာဝန်ယူချိန်မှစ၍ ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ **စာမျက်နှာ ၆ သို့** ☆

★ **စာမျက်နှာ ၅ မှအဆက်**

တရားမျှတမှုအပြည့်ရှိသော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအရ လွှတ်တော်အစည်းအဝေးများကို မတ်လတွင် ကျင်းပမည်ဖြစ်ပြီး ပေါ်ထွက်လာမည့် အစိုးရအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များကို လွှဲအပ်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် သမိုင်းစဉ်ဆက်ရှိရင်းစွဲဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**



(၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။



(၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။



(၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။



(၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။



(၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။

◆ **ကျောဖုံးမှအဆက်**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ထူးခြားသည့် ညအပူချိန်များ

၁၉-၂-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| သီပေါ | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

(ရှမ်းပြည်နယ်တောင်ပိုင်း)



# ပုဂံဒေသရှိ သဗ္ဗညုဂူဘုရား ရေရှည်တည်တံ့စေရန် ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိ

**ပုဂံ ဖေဖော်ဝါရီ ၁၉**

ပုဂံဒေသရှိ သဗ္ဗညုဂူဘုရား၏ အဆောက်အအုံပိုင်းဆိုင်ရာ ကြံ့ခိုင်မှု အခြေအနေပိုမိုကောင်းမွန်လာစေရန်နှင့် ဂူဘုရားကြီး ရေရှည်တည်တံ့စေရန် မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်း၍ ပြုပြင်ထိန်းသိမ်းခြင်းနှင့် သုတေသနပြုဖော်ထုတ်ခြင်းတို့ကို ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဆောင်ရွက်လျက်ရှိသည်။

သဗ္ဗညုဂူဘုရားသည် ပုဂံဒေသ၏ ကမ္ဘာ့အမွေအနှစ် လက္ခဏာရပ်တစ်ခု ဖြစ်သကဲ့သို့ ထူးခြားလက်ရာကျန်ရှိမှု အဆင့်(၁)ရှိသော ဂူဘုရားတစ်ဆူလည်း ဖြစ်သည်။ နောက်ခံသမိုင်းရာဇဝင်နှင့် တည်ဆောက်ပုံဗိသုကာလက်ရာအရ အေဒီ ၁၂ ရာစုဂူဘုရားတစ်ဆူဖြစ်ပြီး ရှားပါးသည့် လေးထပ်ဂူဘုရားတစ်ဆူ ဖြစ်သည်။ သဗ္ဗညုဂူဘုရားကြီးအား စနစ်တကျအသေးစိတ်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို နည်းပညာအကူအညီများပေါင်းစပ်၍ စနစ်တကျထိန်းသိမ်းပြုပြင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသုတေသနလုပ်ငန်းများတွင် မြေပြင်စစ်တမ်းများ ကောက်ယူခြင်း၊ Grid Layout စနစ်ဖြင့် တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ နေရာသတ်မှတ်ခြင်း (GPS Location) နှင့် စနစ်တကျမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်လျက်ရှိကာ တူးဖော်မှုများအတွင်းတွေ့ရှိရသည့် အမွေအနှစ်ပစ္စည်းများကိုသက်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီစွာ မှတ်တမ်းတင်၍ ထိန်းသိမ်းကာကွယ်ထားလျက်ရှိသည်။

ထို့ပြင် တွေ့ရှိရသည့် သမိုင်းဝင်အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရာတွင် Barrier Fencing၊ Camp စနစ်များနှင့် လုံခြုံရေးအစီအစဉ်များကိုလည်း အသုံးပြုဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုလုပ်ငန်းစဉ်များအားလုံးသည် သုတေသနလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အမွေအနှစ်ပစ္စည်းများ မပျက်စီးစေရန်ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ပုဂံဒေသရှိသမိုင်းဝင်အမွေအနှစ်များအပေါ် ဆောင်ရွက်နေသည့် သုတေသနနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးကို မြှင့်တင်ပေးပြီး အနာဂတ်မျိုးဆက်သစ်များအတွက် တန်ဖိုးရှိသော သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းပေးနိုင်ရန် အရေးပါသောအခန်းကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။

ပုဂံဒေသရှိ သဗ္ဗညုဂူဘုရားကြီး၏ သမိုင်းဝင်အမွေအနှစ်များသည် ပုဂံဒေသယဉ်ကျေးမှုသမိုင်းကြောင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို ထင်ဟပ်ပြသသည့် သက်သေအထောက်အထားများဖြစ်ကြောင်း၊ ယင်းအမွေအနှစ်များကို စနစ်တကျ သုတေသနပြုလုပ်ခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းတို့သည် မျိုးဆက်သစ်များအတွက် သမိုင်းမှတ်တမ်းအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းပေးနိုင်ရန် အရေးပါသောကဏ္ဍများဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဒီပါလင်း**

# ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေဂါလန် ၆၄၀၀ လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ဖေဖော်ဝါရီလ ၁၈ ရက်တွင် ညောင်ဦးမြို့နယ် ကကဲ့ကျေးရွာနှင့်မန်ကျည်းစောက်ကျေးရွာတို့သို့သွားရောက်၍ သောက်သုံးရေလိုအပ်နေသော ကျေးရွာနေပြည်သူများကို သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၆၄၀၀ ဖြန့်ဝေလှူဒါန်းပေးကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေလှူဒါန်းပေးရာတွင် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နယ် ကကဲ့ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ မန်ကျည်းစောက်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀ စုစုပေါင်း ရေဂါလန် ၆၄၀၀ ကို ပွင့်လင်းရာသီကာလ သောက်သုံးရေ အဆင်ပြေစွာသုံးစွဲနိုင်ရန်အတွက် စနစ်တကျဖြန့်ဝေလှူဒါန်းပေးကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# ကလေးမြို့နယ်၌ ပဲတီစိမ်းသီးနှံ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ကလေး ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းသီးနှံဧက ၉၁၉၀ လျာထားစိုက်ပျိုးကြရာ ယခုအခါ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ပဲတီစိမ်းသီးနှံ ဧက ၉၁၉၀ လျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်" ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ကလေးမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

| MWD Education, Knowledge & Sports Channel | | | ၂၀-၂-၂၀၂၆(သောကြာနေ့) |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၇:၄၀ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၀၇:၄၀ - ၀၈:၃၅ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၅:၀၀ - ၁၅:၃၀ | ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသိကောင်းစရာများ(မြန်မာစာဘာသာရပ်) | |
| ၄။ | ၁၅:၃၀ - ၁၇:၄၅ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၅။ | ၁၇:၄၅ - ၁၈:၃၀ | Grade - 9 | သင်္ချာ(၂)၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

# ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးထားသော ဆောင်းကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ညောင်ဝန်းကျေးရွာ၌ ဆောင်းကုလားပဲ ၁၅၅ ဧက စိုက်ပျိုးထားရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ညောင်ဝန်းကျေးရွာ၌ ဆောင်းကုလားပဲများအပြင် ကြက်သွန်နီ ဧက ၃၀၊ ပဲကြီး ၇ ဧက၊ အခြားပဲ ၁၉၅ ဧက၊ ဖူးစားပြောင်း ၁၀ ဧက၊ နေကြာ ၂၀၃ ဧက၊ ဟင်းသီးဟင်းရွက် ၃၅ ဧက၊ ကွဲနွှားစာ ၂၅ ဧက စိုက်ပျိုးထားကြောင်း၊ ဆောင်းကုလားပဲများကို အပင်ပေါက်သေချာစေရန်အတွက် မြေအစိုဓာတ်ရှိချိန်တွင် စနစ်တကျမြေပြုပြင်၍ စိုက်ပျိုးထားကြောင်း၊ လိုအပ်သည့်အချိန်တွင် အပွင့်အသီးတင်ဆေးများ၊ ပိုးမွှားကာကွယ်နှိမ်နင်းဆေးများအသုံးပြု၍ စိုက်ပျိုးထားကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ကုလားပဲစိုက်တောင်သူများအနေဖြင့် ရေဆင်း(၆)၊ ရေဆင်း(၁၂)၊ ကုလားပဲအနီမျိုးနှင့် ရေဆင်း(၃)၊ ရေဆင်း(၈)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၃) ကုလားပဲအဖြူမျိုးတို့အဓိကစိုက်ပျိုးကြပြီး ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လိုအပ်သည့်နည်းပညာများ ကူညီပေးလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

ကြည်လွင်မြင့်(မုဒြာ)

**- ကျောက်ကပ်ကြောင့် ခါးနာဖြစ်ရင် တောဆီးဖြူပင်၊ ထိကရုံးပင် ပြုတ်သောက်ပါ။ ကျောက်ဖရုံသီးဟင်းချိုချက်သောက်ပါ။ မြင်းခွာရွက်သုပ် ဒါမှမဟုတ် မြင်းခွာရွက်ဟင်းချိုချက်သောက်ပါ။**

**- အကြောအဆစ်ရောင် ခါးနာဖြစ်ရင် မုန်ညင်းဆီ၊ နှမ်းဆီကို နွေးအောင် မီးနဲ့အပူပေးပြီး သက်ရင်းကြီးမြစ်နဲ့ သွေးလိမ်းပါ။ အသက်ကြီးသူတွေခါးနာရင် သက်ရင်းကြီးရွက်ကို အိပ်ရာအောက်မှာ ခင်းအိပ်ပေးရင် သက်သာစေပါတယ် . . .**

**ဆရာကြီးခင်ဗျာ။ ကျွန်တော်တို့မိသားစုမှာ ကလေးတွေရော လူကြီးတွေပါ ရာသီအကူးအပြောင်းဖျားပြီးနောက် အဖျားသက်သာတော့ ချောင်းဆိုးကျန်ခဲ့ပါတယ်။ ချောင်းခြောက်ဆိုးပြီး လည်ချောင်းတွေလည်းနာပါတယ်။ အသံလည်းပျက်ပါတယ်။ သက်သာပျောက်ကင်းအောင် ကုသနိုင်မယ့်ဆေးနည်းလေးတွေ သိလိုပါတယ်။**

ဖျားပြီးနောက် အပူငုပ်ကျန်တဲ့အခါ ချောင်းခြောက်ဆိုးလေ့ရှိပါတယ်။ ဖျားပြီးနောက် ရေနိုင်နိုင်မချိုးရင်လည်း ချောင်းခြောက်ဆိုးတတ်ပါတယ်။ ချောင်းခြောက်ဆိုးရာမှာ ရိုးရိုးအပူငုပ်ပြီးဆိုးတဲ့ချောင်းမျိုးရှိသလို အဆုတ်မှာရောဂါပိုးဝင်ပြီး အဆုတ်မကောင်းလို့ဖြစ်တဲ့ ချောင်းခြောက်ဆိုးခြင်းမျိုးလည်းရှိပါတယ်။ ဆရာဝန်နဲ့ပြပြီး သေချာစစ်ဆေးဖို့တော့ လိုပါတယ်။ အပူငုပ်ပြီးဖြစ်တဲ့ ချောင်းဆိုးရောဂါအတွက် ကုသနည်းတွေကို ဖော်ပြပေးပါမယ်။

– အပူကုန်စေဖို့ နံနက်စောစော အုန်းစိမ်းရည်သောက်ပြီး ရေချိုးပေးပါ။

– အုန်းစိမ်းရည်ထဲ ချင်းပါးပါးလှီးထည့်ပြီး မီးနဲ့ဆူရုံအပူပေးပြီး ခပ်နွေးနွေးသောက်ပေးရင် ရက်ရှည် အပူငုပ်ချောင်းခြောက်ဆိုးတာကို သက်သာပျောက်ကင်းစေပါတယ်။

– လောက်သေရွက် လက်တစ်ဆုပ်စာလောက်ကို ရေနွေးမတ်ခွက်နှစ်လုံးစာထည့်ကျိုပြီး တစ်ရက်ကို မတ်ခွက်တစ်လုံးစာသောက်ပေးနိုင်ပါတယ်။

– မီးကွင်းဂမုန်းရွက်သတ္တုရည်ထဲမှာ ဆားလှော် အနည်းငယ်ထည့်သောက်ရင် အသံဝင်ပြီး ချောင်းခြောက်ဆိုးတာကို သက်သာပျောက်ကင်းစေပါတယ်။

– ချောင်းခြောက်ဆိုးပြီး အသံဝင်နေရင် ပြည်ပန်းညိုရွက်ကိုဟင်းချိုချက်သောက်ရင်လည်း သက်သာပျောက်ကင်းနိုင်ပါတယ်။

– ချောင်းအဆက်မပြတ်ဆိုးပြီး အာခေါင်ခြောက်ရင် ရှောက်သီးအရည်သုံးဇွန်း၊ ပျားရည်တစ်ဇွန်းရောပြီး သိန္ဓောဆားအနည်းငယ်ထည့်လျက်ပေးရင်လည်း သက်သာစေပါတယ်။

– ကြက်သွန်ဥကြီးကိုမီးအုံးပြီး ပူတုန်းစားပေးပါ ဒါမှမဟုတ် သဘော်အဖိုပင်ရဲ့ အရွက်၊ အဖူးကို မီးမြှိုက်ပြီး အတို့အမြှုပ်ပြုလုပ်စားပါ။

– ဥသျှစ်ရွက်ကို ဟင်းချိုချက်သောက်ပါ ဒါမှမဟုတ် အတို့အမြှုပ်ပြုလုပ်စားပါ။

– ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ ခေါက်ပြီးစားရင် လေပူထပြီးချောင်းဆိုးတာကို သက်သာစေပါတယ်။

–တိုင်းရင်းဆေးအမှတ် (၁) မက်လင်ချဉ်ဆေးကို တိုင်းရင်းဆေးအမှတ် (၇) နွယ်ချိုကဲဆေးနဲ့ ဆတူရောစပ်ပြီး မကြာခဏလျက်ပေးရင် သလိပ်ကပ်ချောင်းဆိုးခြင်း၊ ချောင်းခြောက်ဆိုးခြင်းတွေကို သက်သာစေပါတယ်။

– ချောင်းခြောက်ဆိုးပြီး ရင်ကျပ်ရောဂါရှိရင် ဇော်ဂျီတောင်ဝှေးပင်အရွက်ရောအရိုးပါ နုပ်နုပ်စဉ်းပြီး ပရဆေးဆိုင်တွေမှာ ဝယ်ယူရရှိနိုင်တဲ့ ဒိုဘာလာသကြား (ခေါ်) မုန်ရောင်သကြားခဲ အနည်းငယ်ရောပြုတ်ပြီး တစ်ရက်ကို မတ်ခွက်တစ်လုံးစာသောက်ပေးရင် သက်သာပျောက်ကင်းနိုင်ပါတယ်။

– ကလေးငယ်တွေ ချောင်းခြောက်ဆိုးပြီး ချွဲကပ်ရင် ကွမ်းရွက်ကိုမီးကင်ပြီး ရင်ဘတ်နဲ့ နောက်ကျောမှာ ကပ်ပေးနိုင်ပါတယ်။ ကွမ်းရွက်နဲ့ ဆားကိုထုပ်ပြီး သံပြားပေါ်မှာ မီးဖုတ်ပြာချ၊ အဲဒီပြာကို သံပရာရည်နဲ့ဖျော်ပြီး လျက်ပေးနိုင်ပါတယ်။

– ကလေးငယ်များ ကြက်ညှာချောင်းဆိုး (ခေါ်) ရက် (၁၀၀) ချောင်းဆိုးဖြစ်ရင် တရုတ်စံကားပင်ရဲ့အခေါက် ဒါမှမဟုတ် အကိုင်းကိုအခြောက်လှန်း ပြာချပြီး သိန္ဓောဆားနဲ့ရောလျက်ပေးရင် သက်သာပျောက်ကင်းစေနိုင်ပါတယ်။

**ဆရာကြီးခင်ဗျာ။ ကျွန်တော် မကြာခဏ ခါးနာတတ်ပါတယ်။ အလုပ်မှာလည်း အထိုင်မများဘဲ အသွားအလာများပါတယ်။ နေ့စဉ် မော်တော်ဆိုင်ကယ်တော့ စီးရပါတယ်။ တစ်ခါတစ်ရံ ခါးနာရင် ကျောနဲ့ခါးမှာ ပူအောင့်ပြီး ဆီးလည်းနည်းပါတယ်။ ကျွန်တော်က ဝမ်းလည်းချုပ်လေ့ရှိပါတယ်။ ခါးနာရောဂါအတွက် သင့်တော်မယ့်ဆေးနည်းလေး ပေးစေလိုပါတယ်။**

ခါးနာရောဂါလို့ဆိုရင် ကျောက်ကပ်မှာ ကျောက်တည်လို့ဖြစ်တဲ့ ခါးနာ၊ ခါးရိုးဆစ်အကြောအဆစ်ရောင်လို့ဖြစ်တဲ့ ခါးနာနဲ့ အထိုင်များသူတွေမှာဖြစ်လေ့ရှိတဲ့ ကျီးပေါင်းခါးနာဆိုပြီး တွေ့ရတတ်ပါတယ်။ အထိုင်များတာ၊ ကျောက်ကပ်မှာ ကျောက်တည်တာတွေကြောင့် ရက်ရှည်ခါးနာတတ်ပါတယ်။

– ကျောက်ကပ်ကြောင့် ခါးနာဖြစ်ရင် တောဆီးဖြူပင်၊ ထိကရုံးပင်ပြုတ်သောက်ပါ။ ကျောက်ဖရုံသီးဟင်းချိုချက်သောက်ပါ။ မြင်းခွာရွက်သုပ် ဒါမှမဟုတ် မြင်းခွာရွက်ဟင်းချိုချက်သောက်ပါ။

–အကြောအဆစ်ရောင် ခါးနာဖြစ်ရင် မုန်ညင်းဆီ၊ နှမ်းဆီကို နွေးအောင် မီးနဲ့ အပူပေးပြီး သက်ရင်းကြီးမြစ်နဲ့ သွေးလိမ်းပါ။ အသက်ကြီးသူတွေခါးနာရင် သက်ရင်းကြီးရွက်ကို အိပ်ရာအောက်မှာ ခင်းအိပ်ပေးရင် သက်သာစေပါတယ်။

– ကျီးပေါင်းတက် ခါးနာဖြစ်နေရင် မိဿလင်ကို အမှုန့်ပြုလုပ်ပြီး ပိတ်စနဲ့ ထုပ်ပြီးကြပ်ထုပ်ပြုလုပ်ပါ။ ကျီးပေါင်းဖြစ်တဲ့နေရာမှာ မုန်ညင်းဆီ၊ နှမ်းဆီတစ်မျိုးမျိုးလိမ်း၊ မိဿလင်ကြပ်ထုပ်ကိုရေနွေးငွေ့ခံအပူပေးပြီး ခံနိုင်သမျှကြပ်ပူထိုးပေးပါ။ ဆီစိမ့်ဝင်အောင် ကြပ်ပူထိုးပေးပါ။ ကျီးပေါင်းတက်တဲ့နေရာ၊ မောက်နေတဲ့နေရာကို လိမ်းဆေးအဖြစ် ချင်းခြောက်အမှုန့်နှစ်ဆ၊ လင်းနေအမှုန့်တစ်ဆကို ရောစပ်ပြီး ရေနွေးနဲ့ဖျော်ပြီး လိမ်းပေးပါ။ မိဿလင်ဥအစိုကို ထုထောင်းပြီး အရက်ဦးရည်နဲ့စိမ်ပြီးလည်း လိမ်းနိုင်ပါတယ်။ ဝံအူမြစ်နဲ့ တောရှောက်မြစ်တို့ကိုသွေးပြီး ပုံမှန်လိမ်းပေးရင် ကျီးပေါင်းတက်ခြင်းကို သက်သာစေနိုင်ပါတယ်။

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က အသက် ၆၈ နှစ်ရှိပါပြီ။ ဆီးကျိတ်ကြောင့် ဆေးတွေစားနေတာ ၁၀ လလောက်ရှိပါပြီ။ ပထမတော့ ဆီးက ညဘက်မှာ အသွားများရာကနေ အခုနောက်ပိုင်း ညလည်း သိပ်မသွား၊ နေ့မှာလည်း ဆီးနည်းနေပါတယ်။ ခြေခုံနှစ်ဖက်ကလည်း ဖောင်းပြီး ရောင်လာလို့ လမ်းကောင်းကောင်း လျှောက်လို့မရပါဘူး။ ဆရာဝန်က ဆီးဆေးပေးတဲ့အခါ အရောင်ကျသွားပါတယ်။ ဆီးဆေးမသောက်ရင် ပြန်ရောင်လာပါတယ်။ ဒါကြောင့် သင့်တော်မယ့် ဆေးနည်းလေး ညွှန်ပြပေးစေလိုပါတယ်။**

ကျောက်ကပ်ရောဂါအတွက် အစွမ်းထက်တဲ့တိုင်းရင်းဆေးတွေ၊ အသီးအရွက်တွေနဲ့ ဆေးပင်တွေအများကြီးရှိပါတယ်။ အထူးသဖြင့် Herbal Medicine ဆေးပင်တွေနဲ့ ကုသမှုက ဘေးထွက်ဆိုးကျိုးအနည်းဆုံးလို့ ဆေးပညာရှင်တွေက လက်ခံထားပါတယ်။ ဖော်စပ်ပြီးသား တိုင်းရင်းဆေးဝါးတွေနဲ့ မကုသချင်ဘူးဆိုရင် ကျောက်ကပ်အတွက် အဆင်ပြေမယ့် နည်းလမ်းတွေကို ပြောပြပေးပါမယ်။

–ကျောက်ကပ်ရောဂါအတွက် ကျောက်ဖရုံသီးကို ထက်ခြမ်းခွဲပြီး အစေ့တွေဖယ်၊ အသားကိုခြစ်၊ ဖျော်ရည်စက်နဲ့ကြိတ်ပြီး အရည်စစ်ယူ၊ ကော်ဖီတစ်ခွက်စာမှာ ချင်းကြိတ်ထားတဲ့အရည် ဟင်းစားဇွန်းတစ်ဇွန်း၊ သကြားတစ်ဇွန်းထည့်ပြီး အဲဒီဖျော်ရည်ဆေးကို ဟင်းစားဇွန်းသုံးဇွန်းကနေ ငါးဇွန်းအထိ နံနက်၊ ည တစ်ရက်နှစ်ကြိမ်သောက်ပေးရင် ကျောက်ကပ်ရောဂါ၊ ဆီးကြောင့်ဖြစ်တဲ့ အဖောရောဂါ၊ ခန္ဓာကိုယ်အောက်ပိုင်းဖောရောင်တဲ့ရောဂါတွေပျောက်ကင်းစေနိုင်ပါတယ်။

–တောဆီးဖြူပင်ကလည်း ဆီးသွားစေပြီး အဖောအရောင် ကျစေပါတယ်။ တောဆီးဖြူပင်တွေက မိုးဦးကျမှာပေါ်ပါတယ်။ လယ်ကွင်းပြင်တွေမှာ ပေါက်လေ့ရှိပြီး နွေရာသီမှာတော့ ရှားပါတယ်။ တောဆီးဖြူပင်က အသီးသေးသေးလေးတွေ စုပြုံသီးနေတဲ့အပင်မျိုးပါ။ ဆီးကိုသန့်စင်စေပြီး ကျောက်ကပ်အဖောရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ဆီးပူဆီးအောင့်ရောဂါ၊ မီးယပ်အဖြူဆင်းရောဂါတွေအတွက် ကောင်းမွန်ပါတယ်။ အပင်တစ်ပင်လုံးနုတ်ပြီး ပဋ္ဌငါးပါးကို ရေနွေးနဲ့ကျို၊ တစ်ရက်ကို မတ်ခွက်တစ်လုံးကနေ နှစ်လုံးသောက်နိုင်ပါတယ်။

– နောက်တစ်နည်းကတော့ ဟင်းဂလာပင်ပါ။ မြစ်ချောင်းရှိတဲ့နေရာနဲ့ သဲသောင်ခုံတွေမှာကပ်ပြီး ပေါက်တဲ့အပင်မျိုးပါ။ ဟင်းဂလာကို အများစုက ချဉ်ဖတ်ထည့်ပြီး စားသုံးတတ်ကြပါတယ်။ ဟင်းဂလာပင် ပဋ္ဌငါးပါးကို အရည်ညှစ်ယူပြီး ရေနွေးကြမ်းပန်းကန်တစ်လုံးစာ နံနက်၊ ညသောက်ပေးရင် ကျောက်ကပ်အဖောရောဂါနဲ့ ခန္ဓာကိုယ်ရောင်ရောဂါတွေ ပျောက်ကင်းစေနိုင်ပါတယ်။

– ကျောက်ကပ်အတွက် ကောင်းတဲ့နောက်ဆေးပင်တစ်မျိုးကတော့ ကန့်ကလာပင်ပါ။ သဲသောင်ခုံတွေပေါ်မှာ၊ ရေအစိုဓာတ်ရှိတဲ့ ကုန်းမြေတွေပေါ်မှာ ကပ်ပေါက်တဲ့အပင်မျိုးပါ။ ကန့်ကလာရွက်ကို အရည်ညှစ်ယူပြီး သောက်လို့ရပါတယ် ဒါမှမဟုတ် အပင်တစ်ပင်လုံးနုတ်ယူပြီး ရေနဲ့ သုံးခွက်တစ်ခွက်တင်ကျိုပြီးသောက်ရင်လည်း ရပါတယ်။ ကျောက်ကပ်ဖောရောဂါအတွက် အဖောအရောင်ကျစေတဲ့ အပင်မျိုးဖြစ်ပါတယ်။


ကျောက်ကပ်မကောင်းသူတိုင်း ရေများများသောက်ပေးပါ။ ရေနွေးကြမ်းများများသောက်ပေးရင်လည်း ဆီးကောင်းပြီး အဖောအရောင်ကျစေနိုင်ပါတယ်။ ကျောက်ကပ်ရောဂါရှိသူတွေက ခြေထောက်နှစ်ဖက်ကို တွဲလောင်းချထိုင်ရင် ပိုပြီးတော့ ဖောရောင်စေနိုင်တာကြောင့် ထိုင်နေတဲ့အခါမှာ ခြေနှစ်ဖက်ကိုဆန့်ပြီး ခုံတစ်ခုံပေါ်မှာ တင်ထားရပါမယ်။ ခြေထောက်ရောင်ရင် ရေမချိုးမီ တမာရွက်ပြုတ်ရည်စိမ်ပေးပါ။ ကနဖော့ရွက်၊ ကနဖော့ပင်တွေကိုပြုတ်ပြီး ရေချိုးပေးရင်လည်း အဖောအရောင်ကျစေတယ်လို့ဆိုပါတယ်။

## တောင်ဥက္ကလာပမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းများ၌ မီးလောင်မှု/မီးလန့်မှုများမဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အခြေခံပညာအထက်တန်းကျောင်းများ၌ မီးလောင်မှု/မီးလန့်မှုများမဖြစ်ပေါ်စေရေး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဖေဖော်ဝါရီလ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မင်း၊ သန္ဓေတပ်ဖွဲ့ဝင်သုံးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်သုံးဦးတို့နှင့်အတူ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများပူးပေါင်း၍ မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းများအား မီးလောင်မှု/မီးလန့်မှုများမဖြစ်ပေါ်စေရေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။



မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပြည်သူများ မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက်မီးသတိပေးဆော်ဩခြင်း၊ နှိုးဆော်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ ထိုင်ဝမ်ပြောင်းဖူးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ကျွန်းလှ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်သည် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကိုရာသီအလိုက်စိုက်ပျိုးကြရာ ယခုနှစ် ဆောင်းရာသီကစိုက်ပျိုးထားသောထိုင်ဝမ်ပြောင်းချိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးချောင်းရေရတာပြီး ထိုင်ဝမ်ပြောင်း စိုက်ပျိုးပါတယ်။ဒီနှစ် ဆောင်းရာသီမှာ ထိုင်ဝမ်ပြောင်းမျိုးစေ့နှီဆီဘူးသုံးဘူးစိုက်ပျိုးထားပါတယ်" ဟု ထိုင်ဝမ်ပြောင်းစိုက်တောင်သူဦးကျော်ဌေးက ပြောသည်။

ထိုသို့စိုက်ပျိုးထားရာမှထွက်ရှိသည့် ပြောင်းဖူးများကို မြို့ပေါ်တွင်ပြန်လည်ရောင်းချသော ဈေးသည်များနှင့် နီးစပ်ရာမြို့များမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ နေကြာကေ ၅၆၄၀ ထိ ရိတ်သိမ်းပြီးစီး



ပွင့်ဖြူ ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော ဆီထွက်သီးနှံနေကြာ ၁၅၆၆၂ ကေ ရိတ်သိမ်းလျက်ရှိရာ ဖေဖော်ဝါရီလ ၁၉ ရက်တွင် နေကြာကေ ၅၆၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၃၄ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ နေကြာ ၁၅၆၆၂ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစပြီး ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ဒီနေ့မှာ ၅၆၄၀ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နေကြာသီးနှံ ရိတ်သိမ်းခြွေလှေ့တာနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေ လျော့နည်းမှုမဖြစ်အောင် အချိန်မီ သီးနှံရိတ်သိမ်းကြဖို့နဲ့ ရိတ်သိမ်းပြီးတဲ့ နေကြာတွေကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျ ထားသိုထိန်းသိမ်းကြဖို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးတောင်သူများကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ အထွက်နှုန်းများ တိုးတက်အောင် စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

နေကြာသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေတိုးပွားကာ တောင်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# သဲကုန်းမြို့နယ်၌ ပေါ်ဦးပေါ်ဖျားသရက်သီးနုများရောင်းအားကောင်း

သဲကုန်း ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပေါ်ဦးပေါ်ဖျားသရက်သီးနုများ ရောင်းအားကောင်းမွန်သဖြင့် ခူးဆွတ်ရောင်းချသော ဒေသခံပြည်သူများ နေ့စဉ်မိသားစု အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

သဲကုန်းမြို့နယ်အတွင်းရှိကျေးရွာများ၌ နေအိမ်ခြံဝင်းများတွင် ရင်ကွဲ၊ မချစ်စု၊ ထွာညို(ဒေသအခေါ်)၊ စိမ်းစားသရက်ပင်များသည် ပေါက်ရောက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ယခုအခါ ပေါ်ဦးပေါ်ဖျားသရက်သီးနုများခူးဆွတ်၍ ဈေးသည်များအားဖောက်သည်ပေးခြင်း၊ ကျေးရွာနေစားသုံးသူပြည်သူများအားရောင်းချခြင်းရှိပြီး သရက်သီးအလုံးအရွယ်အစားအပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိသည်။

သရက်သီးနုသည် ရာသီစာဖြစ်သဖြင့် သရက်သီးဆားရည်စိမ်ပြုလုပ်ရောင်းချရန်လည်းကောင်း၊ တို့စရာအဖြစ်စားသုံးရန်အတွက်လည်းကောင်း၊ ဝယ်ယူစားသုံးသူများပြီး ခူးဆွတ်ရောင်းချသူများမှာလည်း နေ့စဉ်မိသားစုအပိုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိသည်။

ထို့ပြင် စိန်တစ်လုံး၊ မြကျောက်၊ ကျောက်စိမ်းနှင့် အခြားတန်ဖိုးမြင့် သရက်သီးမျိုးများကို အမှည့်ချိန်ရောက်မှသာ ဈေးကွက်ဝင်တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရန် အတွက် စိုက်ပျိုးထားကြောင်း သရက်သီး စိုက်ပျိုး/ခူးဆွတ်ရောင်းချသူတစ်ဦးထံမှ သိရသည်။ **ကိုကျော်(သဲကုန်း)**

## တောင်ဇလပ်ပန်းတို့ လန်းဖြာဝေ

❖ မြန်မာပြည် တစ်နံတစ်လျား
စိတ်ဝင်စား ရှုကြည့်ပြန်။
အလှတွင် အယဉ်ဆင့်
တင့်လှပေဟန်။
ရတနာတို့ ပေါကြွယ်အမှန်
အဖိုးတန် ရှိနေဆဲ။
အေးချမ်းစွာ နေထိုင်မှု
ပြကြသည်ပဲ။

❖ ချင်းပြည်နယ် အရောက်သွား
မြင့်မားတဲ့ တောင်တန်းတွေ။
ချစ်စရာ ရိုးရာဓလေ့
မြင်တွေ့လို့နေ။
တောင်ဇလပ်ပန်းတို့ လန်းဖြာဝေ
ညင်းလေပြည် စိမ့်ကာအေး။
ရေမြေတောတောင် သဘာဝ
သာလှတယ်လေး။

❖ ရိဒ်ရေကန် အရောက်သွား
လွန်ထူးခြား ပေါ်လွင်။
နတ်မတောင် သာယာလှ
စံပြဂုဏ်အင်။
အေးမြလို့ ကြည်လင်
ဘဝင်မှာ ရွှင်လန်း။
ဖွံ့ဖြိုးကာ တိုးတက်ရေး
တွေးဆမျှော်မှန်း။

❖ ချင်းပြည်နယ် ချင်းလူမျိုး
တိုးတက်လို့ ဖွံ့ဖြိုးစေ။
အဖျက်ရန် မှန်သမျှ
ပပျောက်လို့နေ။
သာယာလှတဲ့ သည်မြေရေ
ငြိမ်းချမ်းစေ ဆုမွန်တောင်း။
ယုံကြည်ရာ ကိုးကွယ်ကြလို့
အေးမြစေကြောင်း။ ။

**အာကာမောင်မောင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၂၆(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၂ | တရားတော် |
| ၂။ | ၀၇:၀၀ | နပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၃။ | ၀၈:၄၀ | စိုက်ပျိုးသုတ |
| ၄။ | ၀၉:၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅။ | ၁၀:၅၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၆။ | ၁၁:၃၀ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၇။ | ၁၂:၃၀ | မြန်မာ့သံစဉ်ချိုနားဝင် |
| ၈။ | ၁၃:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်များ |
| ၉။ | ၁၃:၄၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၀။ | ၁၄:၃၅ | ပန်းပေါင်းစုံစွာအနုပညာ |
| ၁၁။ | ၁၅:၁၅ | မြန်မာ့သံစဉ်ချိုနားဝင် |
| ၁၂။ | ၁၈:၂၀ | မွေးမြူသုတ |
| ၁၃။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

## MWD Varity Channel

၂၀-၂-၂၀၂၆ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၂။ | ၁၀:၁၅ | ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (ရူပဗေဒဘာသာရပ်) |
| ၃။ | ၁၁:၃၅ | သောတဆင်စရာ တေးမြန်မာ |
| ၄။ | ၁၂:၂၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၅။ | ၁၆:၂၀ | လူငယ်ရှေ့ရေး အတွေးကမ္ဘာ |

# ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ် Mr. Konstantin Kanarev နှင့် ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့တို့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ




**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ် Mr. Konstantin Kanarev နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အကြီးဆုံးလူမှုအကျိုးပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံရှိ ဘေးသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများ ပေးအပ်မည့်ကိစ္စ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကျိုးဆက်များတားဆီးရေးဝန်ကြီးဌာန(EMERCOM) တို့အကြား ရုရှား-မြန်မာ အရေးပေါ်တုံ့ပြန်ရေးဗဟိုဌာန (Russia–Myanmar Joint Humanitarian Response Center) ထူထောင်ရန် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ မန္တလေးငလျင်ကြီးအတွက် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာမှ အကူအညီပေးအပ်ခဲ့မှုများ၊ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ်နှင့် ရှမာနော့ဗ်ဖောင်ဒေးရှင်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ






**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် ကွန်ပျူတာအခြေခံသဘောတရားများကိုသိရှိနားလည်ပြီး ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာအသုံးပြု လုပ်ငန်းများတွင် ပြန်လည်အသုံးချနိုင်ရန်၊ ထိရောက်လျင်မြန်သော ရုံးလုပ်ငန်းစနစ်ဖော်ဆောင်ရေး အထောက်အကူပြုစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇) စုပေါင်းခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ကွန်ပျူတာအခြေခံဘာသာရပ်များဖြစ်သည့် ICT လုပ်ငန်းဆိုင်ရာ ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများဆိုင်ရာ အီလက်ထရောနစ်ပေါင်းစည်းစနစ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ Window Installation၊ Microsoft Office Word၊ Microsoft Office Excel၊ Microsoft Office Power Point စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သောကြောင့် သင်တန်းသားများအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင်နည်းပညာရပ်များ အံ့မခန်းတိုးတက်မြင့်မားနေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာကို ကျွမ်းကျင်စွာအသုံးပြုဆောင်ရွက်နိုင်မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် သင်တန်းသားများအနေနှင့် သင်တန်းကပို့ချသည့်ဘာသာရပ်များကို စိတ်ဝင်တစား လေ့လာသင်ယူကြရန်လိုအပ်ပြီး မရှင်းလင်းသည်များကိုလည်း ပို့ချဆရာများအား ပြန်လည်မေးမြန်းရန်လိုကြောင်း၊ လက်တွေ့လေ့ကျင့်သင်ကြားမှုများကိုလည်း စိတ်ပါဝင်စားစွာ ဆောင်ရွက်ရန်မှာကြားလိုကြောင်း၊ ပို့ချဆရာ၊ ဆရာမများအနေဖြင့်လည်း သင်တန်းသား၊ သင်တန်းသူများအပေါ် မိမိတို့သိထားသမျှပညာရပ်များကို မခြွင်းမချန်စိတ်ရှည်လက်ရှည်နှင့် သင်ကြားပေးရန် လိုအပ်ကြောင်းမှာကြားသည်။

အဆိုပါသင်တန်းကို ဥက္ကဋ္ဌရုံးအဖွဲ့နှင့် ဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၁၂ ဦး တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၉ ရက်မှ ဧပြီလ ၃ ရက်ထိ ရက်သတ္တခုနစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းပြုပြင်ခြင်း သင်တန်းဖွင့်လှစ်ပေး

**တောင်ငူ ဖေဖော်ဝါရီ ၁၉**

တောင်ငူမြို့ ခပေါင်းခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ဒေသခံလူငယ်များအတွက် လေအေးပေးစက်ပြုပြင်ခြင်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းပြုပြင်ခြင်းသင်တန်းအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးသည် အလွန်အရေးကြီးကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် ဒေသခံလူငယ်များအနေဖြင့် နည်းပညာဆိုင်ရာအတတ်ပညာများ နားလည်သိရှိတတ်ကျွမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် သင်ခန်းစာများကို စိတ်ပါလက်ပါဂရုတစိုက်လေ့လာသင်ကြားသွားကြရန်နှင့် ယခုသင်တန်းအားအခြေခံ၍ မိမိတို့ဘဝကို တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မားအောင် ဆောင်ရွက်သွားနိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လေအေးပေးစက်ပြုပြင်ခြင်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းပြုပြင်ခြင်းသင်တန်းအတွက် သင်ထောက်ကူပစ္စည်းများအား သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါသင်တန်းကို သင်တန်းသား ၄၀ ဦးဖြင့် နှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဥဿာတိုင်းသား



● **ကျောဖုံးမှအဆက်**

ကျွဲနွားတိရစ္ဆာန်စာနှင့် ဝါကို အဓိကထားစိုက်ပျိုးကြပြီး ဝါ ၁၁၉၄ ဧက၊ ဖူးစားပြောင်း ၆၆ ဧက၊ မြေပဲ ၁၈၉ ဧက၊ နှမ်း ၁၈၉ ဧက၊ နေကြာ ၇၇၇ ဧက၊ ပဲတီစိမ်း ဧက ၄၃၀၊ ကုလားပဲ ၆၆၂ ဧက၊ ပဲကျား ၆၂ ဧက၊ တခြားပဲ ၂၆၄ ဧက၊ ရေတိဧက ၅၀၊ ကျွဲနွားတိရစ္ဆာန်စာပင် ၂၀၉ ဧက၊ ဟင်းသီးဟင်းရွက် ၁၅၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ မိုးနှောင်းဝါကို ဇူလိုင်လလယ်မှ ဩဂုတ်လလယ်အထိ စိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရေး ထယ်ရေးနက်နက်ထွန်ရေးညက်ညက်၊ သဘာဝနွားချေးမြေဩဇာ နွားလှည်း ၁၀ စီးဖြင့် မြေပြုပြင်ပြီး တစ်ဧက သတ်မှတ်အပင်ရေပြည့်မီအောင် တစ်ကျင်းနှင့်တစ်ကျင်း ၃ ပေအကွာ စိုက်ပျိုးရကြောင်း၊ အပင်သက်တမ်း ၁၈ ရက်မှ ၂၁ ရက်တွင် စိုက်ကျင်းတစ်ကျင်းလျှင် ဝါပင်နှစ်ပင်ချန်၍ သားခွဲပေးရကြောင်း၊ အပိမ့်ဝင်ချိန်နှင့် ပန်းပွင့်ချိန်များတွင် ကွန်ပေါင်းခတ်မြေဩဇာအိတ်တစ်ဝက်နှင့် ယူရီးယားခတ်မြေဩဇာအိတ်တစ်ဝက် ရောစပ်ကာ ကြဲပက်၍ ရေသွင်းပေးပြီး ကြားထွန်လိုက်ကာ မြေဆွပေးရကြောင်း၊ အပင် ၅၀ ရက်သားတွင် စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်၊ ၆၀ ရက်သားနောက်ပိုင်းတွင် ဝါဂွမ်းပိုးနီနှင့် ရွက်လိပ်ရွက်စားပိုး ကာကွယ်ဆေးနှစ်ကြိမ်ဖျန်းပေးပြီး လိုအပ်ပါက တခြားပိုးများအတွက် ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်းသိရသည်။

**သက်မောင်(ကျောက်ဆည်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တဇောတိသရက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်းကြေညာသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသောဆရာတော်အားလုံးက **"သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ"** အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကိုဖွင့်လှစ်တော်မူကြပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေးကျင်းပမည့် ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက် (၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၉၊ ၂၀၊ ၂၁ ရက်)များအတွက်အစည်းအဝေးအစီအစဉ်များကိုလျှောက်ထားကာ အစည်းအဝေးကြီး၏အတည်ပြုချက်ကိုရယူသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြသော မြင်းခြံမြို့ ချောင်းဒေါင်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေလာသ၊ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ၊ ပြည်မြို့ ရွှာဘဲတောင်ပေါ်ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ်ဒေဝကုန္တရီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တထေရာနန္ဒနှင့်မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာသနတို့၏ဩဝါဒကထာများကို နာယူကြသည်။

ယင်းနောက် အစည်းအဝေး သဘာပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယဩဝါဒကထာကို စာမျက်နှာ (၁၄) တွင် သီးခြားဖော်ပြထားပါသည်)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ၁၃၈၆ ခုနှစ် တပေါင်းလမှ ၁၃၈၇ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသက လည်းကောင်း၊ ပညာရေးရာကဏ္ဍကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝေဠုရိယကလည်းကောင်း ဖတ်ကြားတင်သွင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသောအကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသရနှင့်အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကစ္စနာဘိဝံသတို့က ရှင်းလင်းပြန်ကြားလျှောက်ထားပြီး ပျံလွန်တော်မူသွားကြသော တိပိဋကဓရတိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ကာ ပထမနေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင် ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု အမှတ် ၂၄၀ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မဲဘောင်-နောင်ပလိန်-ဝင်းစိန်လမ်းရှိ အရှည်ပေ ၆၀ တံတားနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်းဖွင့်

ဘားအံ ဖေဖော်ဝါရီ ၁၉

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မဲဘောင်-နောင်ပလိန်-ဝင်းစိန်လမ်းရှိ အရှည်ပေ ၆၀ တံတားတစ်စင်းနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားနှင့်လမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မဲဘောင်-နောင်ပလိန်-ဝင်းစိန်လမ်းပေါ်ရှိ အရှည်ပေ ၆၀၊ အကျယ် ၂၄ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိသော သံကူကွန်ကရစ်တံတားကိုဖွင့်လှစ်ပေးကြပြီး တံတားဖွင့်ပွဲသို့တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များ၊ ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်၍ တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မဲဘောင်-နောင်ပလိန်-ဝင်းစိန်လမ်းပေါ်ရှိ ၁၈ ပေအကျယ်ကတ္တရာလမ်းဖွင့်ပွဲသို့တက်ရောက်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့်ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အဆိုပါလမ်းပိုင်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တံတားဖွင့်ပွဲနှင့်လမ်းဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်မှုသာ စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ၊ ကုန်စည်စီးဆင်းမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ အဆင်ပြေချောမွေ့စွာ သွားလာလုပ်ဆောင်နိုင်မည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်းပြောကြားသည်။



ဆက်လက်၍ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က မဲဘောင်-နောင်ပလိန်-ဝင်းစိန်လမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရွှေညောင်-ညောင်ရွှေလမ်းပြုပြင်နေမှုနှင့် နွေစပါးဧက ၁၀၀ စိုက်ပျိုးနေမှု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ညောင်ရွှေ ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရွှေညောင် – ညောင်ရွှေ လမ်းပြုပြင်နေမှုနှင့် ညောင်ရွှေမြို့ တိလောကျေးရွာ၌ နွေစပါးဧက ၁၀၀ စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရွှေညောင်-ညောင်ရွှေ လမ်းပြုပြင်နေမှုနှင့်စပ်လျဉ်း၍ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းကိုသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်၊ လမ်းဧရိယာကိုသတ်မှတ်ပေးရန်နှင့် လမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးပေး၍ ရှင်သန်အောင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရွှေညောင်လမ်းဘေးရှိ ဈေးဆိုင်ခန်းများကို ပြန်လည်ဖြုတ်သိမ်းရန် လွယ်ကူသည့် ယာယီတဲများဖြင့်သာ ရောင်းချရန်နှင့် ရေမြောင်းမရှိသည့်နေရာ၌ ယာဉ်များလမ်းဘေးချရပ်နားနိုင်ရန်အတွက် ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ညောင်ရွှေမြို့ တိလောကျေးရွာ၌ နွေစပါးဧက ၁၀၀ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုရာ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးက ၂၀၂၅ – ၂၀၂၆ ခုနှစ် နွေစပါးလျာထားစိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် တာယောချောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားပြီး တောင်သူများ၏လိုအပ်ချက် တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# လျှပ်စစ်ဆိုင်ရာမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ပါ

မောင်မောင်စွယ်စုံထွန်း



မြန်မာနိုင်ငံတွင်ဖြစ်ပွားလေ့ရှိသော လျှပ်စစ်ကြောင့်ဖြစ်ပွားသောမီးလောင်မှုများသည် အများအားဖြင့် လျှပ်စစ်ဆိုင်ရာပေါ့ဆမှုကြောင့်လည်းဖြစ်ပွားလေ့ရှိရာ ယင်းတို့ကိုအဓိကထား၍ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်သည်။

**လျှပ်စစ်မီးနှင့်ပတ်သက်သည့်ကာကွယ်ခြင်း**

လျှပ်စစ်မီးကြောင့် မီးလောင်မှုမှာ ယခင်ကမြို့ပြများတွင်သာ အများဆုံးဖြစ်ပွားလေ့ရှိသည်။ ယခုအခါ ကျေးလက်ဒေသများတွင်ပါ လျှပ်စစ်သုံးစွဲမှုများပြားလာ၍ ပိုမိုဖြစ်ပွားလျက်ရှိသည်။

(၁) အိမ်တွင်းသုံးဝိုင်ယာကြိုးဟောင်းများ၊ စုတ်ပြဲနေသည့်ကြိုးများ၊ အရည်အသွေးမပြည့်မီသောပစ္စည်းများကို အရည်အသွေးပြည့်မီသည့်ပစ္စည်းများဖြင့် အချိန်မီလဲလှယ်ပါ။

(၂) သတ်မှတ်ထားသောအဆင့်အတန်းရှိသည့် ဖျူးစ်များကိုသာသုံးစွဲပါ။ ဖျူးစ်ပြတ်လျှင် သတ္တုကြိုးဖြင့် ပြန်ဆက်ခြင်းကိုရှောင်ပါ။

(၃) ပလတ်ပေါက်တစ်ခုတည်းတွင် လျှပ်စစ်ပစ္စည်းများစွာကို စုပြုံတပ်ဆင်ခြင်းမျိုးကိုရှောင်ပါ။

(၄) လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖို၊ လေအေးပေးစက်စသည့်လျှပ်စစ်သုံးပစ္စည်းများကို အသုံးမပြုတော့ပါက ပလတ်ဖြုတ်ခြင်း သို့မဟုတ် ပါဝါပိတ်ခြင်းမျိုး ပြုလုပ်ရန် လုံးဝမမေ့ပါနှင့်။

(၅) လျှပ်စစ်ဆိုင်ရာမီးလောင်မှုဖြစ်ပေါ်ပါက မိန်းခလုတ်ကို ချက်ချင်းပိတ်ပါ။

> **“ ပြည်သူများအနေဖြင့် လျှပ်စစ်ကြောင့်ဖြစ်ပွားသော မီးဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် အဓိကအားဖြင့် အထူးသတိပြုကြရမည့်အချက်များမှာ ဟောင်းနွမ်းပျက်စီးသော လျှပ်စစ်ကြိုးများကို အမြန်ဆုံးလဲလှယ်ရန်၊ အပူပေးပစ္စည်းများကိုအသုံးမပြုသည့်အခါ ခလုတ်ပိတ်ပြီး ပလတ်ဖြုတ်ထားရန်နှင့် လျှပ်စစ်ဝန်အားကို ခံနိုင်ရည်ရှိသော အရည်အသွေးမြင့်ပစ္စည်းများသာရွေးချယ်သုံးစွဲရန်ဟူသော အချက်ကြီးသုံးချက်ကို မဖြစ်မနေလိုက်နာဆောင်ရွက်ကြခြင်းဖြင့်သာ လျှပ်စစ်ကြောင့်ဖြစ်ပွားသော မီးဘေးအန္တရာယ်များမှ ကင်းဝေးနိုင်မည်၊ လျှော့ချနိုင်ကြမည်. . . ”**

**မီးဖိုချောင်သုံးလျှပ်စစ်ပစ္စည်းများကြောင့်ဖြစ်ပွားသော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း**

မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများကြောင့် မီးလောင်မှုသည်အဖြစ်များပြီး ပေါ့ဆမှုများကြောင့်သာဖြစ်ပွားမှုစတင်သည်ကိုတွေ့ရှိရသည်။

(၁) လျှပ်စစ်သုံးသောမီးဖိုချောင်သုံးပစ္စည်းများဖြင့် ချက်ပြုတ်နေစဉ် လျှပ်စစ်မီးဖို/ရေနွေးအိုး စသည်များကို အနီးကပ်စောင့်ကြည့်ပါ။ ခေတ္တခဏပင်ဖြစ်စေ မီးဖိုချောင်မှအလွယ်တကူထွက်ခွာသွားခြင်းမျိုးကို ရှောင်ကြဉ်ပါ။

(၂) လျှပ်စစ်သုံးပစ္စည်းများဖြင့် ချက်ပြုတ်ရာနေရာ၏အနီးအနားတွင် ဆီ၊ ဓာတ်ဆီ၊ ဓာတ်ငွေ့ပိုက်များ၊ အဝတ်အထည်များကဲ့သို့ မီးလောင်လွယ်သောပစ္စည်းများကို လုံးဝမထားပါနှင့်။

(၃) လျှပ်စစ်မီးဖိုအသုံးပြုရာတွင် ကလေးများ သို့မဟုတ် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကို လျှပ်စစ်မီးဖိုအနီးတွင် တစ်ယောက်တည်းမထားပါနှင့်။

**ဆိုလာ၊ လီသီယမ်ဘက်ထရီနှင့်မီးဘေးအန္တရာယ်**

ယနေ့ခေတ်တွင် ဆိုလာစနစ်နှင့် လီသီယမ်ဘက်ထရီသုံးစွဲမှုမြင့်တက်လာသည်နှင့်အမျှ ၎င်းတို့ကြောင့်ဖြစ်ပေါ်နိုင်သော မီးဘေးအန္တရာယ်များကိုလည်း သတိပြုရန်လိုအပ်သည်။

**(က) ဆိုလာပြားအသုံးပြုရာတွင်သတိပြုရန်**

(၁) ဆိုလာပြားများနှင့် ဝိုင်ယာကြိုးများကို ကျွမ်းကျင်ပညာရှင်များဖြင့်သာ စနစ်တကျ တပ်ဆင်ခိုင်းပါ။ မလျော်ကန်သော တပ်ဆင်မှုများသည် Short Circuit ဖြစ်စေနိုင်သည်။

(၂) ကြွက်ကိုက်ခြင်း သို့မဟုတ် အပူဒဏ်ကြောင့် ဝိုင်ယာကြိုးအကာများကွာကျခြင်း၊ ပျက်စီးခြင်း ရှိ၊ မရှိကို ပုံမှန်စစ်ဆေးပါ။

(၃) လျှပ်စီးကြောင်းလွန်ကဲမှုကို ကာကွယ်ရန်အတွက် မြေစိုက်ကြိုးစနစ်ကို စံနှုန်းပြည့်မီစွာ တပ်ဆင်ထားရှိရပါမည်။

(၄) အကယ်၍ အိမ်မိုးပေါ်တွင် ဆိုလာပြားတပ်ဆင်ထားပါက မီးလောင်မှုဖြစ်စဉ်တွင် မီးသတ်တပ်ဖွဲ့များ သိရှိနိုင်ရန် သက်ဆိုင်ရာနေရာ၌ အမှတ်အသားတစ်ခု ပြုလုပ်ထားသင့်ပါသည်။

**(ခ) လီသီယမ်ဘက်ထရီအသုံးပြုရာတွင်သတိပြုရန်**

လီသီယမ်ဘက်ထရီများသည် အပူလွန်ကဲပါက မီးလောင်လွယ်ပြီး မီးငြိမ်းသတ်ရန်ခက်ခဲစေပါသည်။ ယင်းတို့အား EV ကားများတွင်သာမက အိမ်သုံးပစ္စည်း၊ EV စက်ဘီး၊ Power Bank များတွင်လည်း တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြပါသည်။

(၁) ဈေးပေါပြီးအရည်အသွေးနိမ့်သော လီသီယမ်ဘက်ထရီ သို့မဟုတ် အားသွင်းကြိုး (Chargers) များကို အသုံးမပြုပါနှင့်။ စံနှုန်းသတ်မှတ်ချက်များနှင့်ပြည့်မီသည့်ပစ္စည်းများကိုသာရွေးချယ်သုံးစွဲပါ။

(၂) ဘက်ထရီများကို အလွန်အမင်းပူသောနေရာများ (ဥပမာ– နေရောင်တိုက်ရိုက်ကျသောနေရာ၊ မီးဖိုဘေး)စသည်များတွင် မထားရှိပါနှင့်။ ၎င်းတို့ကို သတ်မှတ်ထားသော အပူချိန်အောက်တွင် အေးမြသောနေရာ၌သာထားရှိပါ။

(၃) ဘက်ထရီများကို တစ်ညလုံးအားသွင်းထားခြင်းကိုရှောင်ကြဉ်ပါ။ အားသွင်းနေစဉ် အနီးအနားတွင် စောင့်ကြည့်နေသင့်ပါသည်။

(၄) ဘက်ထရီများဖောင်းပွလာခြင်း၊ ပုံသဏ္ဌာန်ပြောင်းသွားခြင်း သို့မဟုတ် အပူလွန်ကဲလာခြင်းစသည့်လက္ခဏာများတွေ့ရှိပါက လုံးဝဆက်လက်အသုံးမပြုပါနှင့်။

(၅) ဘက်ထရီများကို လေဝင်လေထွက်ကောင်းသော၊ မီးလောင်လွယ်ပစ္စည်းများနှင့် ကင်းဝေးသောနေရာတွင်ထားရှိသင့်ပါသည်။

**လျှပ်စစ်ဆိုင်ရာမီးဘေးအန္တရာယ်အတွက် အရေးပေါ်ကြိုတင်ပြင်ဆင်ထားခြင်း**

(၁) အိမ်တိုင်းတွင် အရည်အသွေးပြည့်မီသော မီးသတ်ဆေးဘူးများ လုံလောက်စွာထားရှိပြီး စနစ်တကျသုံးစွဲပုံများကို ကြိုတင်လေ့ကျင့်ထားပါ။

(၂) အရေးပေါ်အခြေအနေအတွက် မိသားစုအားလုံးသိရှိနားလည်သော ဘေးကင်းရာ ထွက်ပြေးမည့်လမ်းကြောင်းကို ကြိုတင်ရွေးချယ်စီစဉ်ထားပါ။

(၃) မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနများနှင့် လျှပ်စစ်ဌာနများ၏ဆက်သွယ်ရန်ဖုန်းများကို အိမ်သူအိမ်သားများ အလွယ်တကူဆက်သွယ်နိုင်ရန် ကြိုတင်အသိပေးထားပါ။ စာရွက်ပေါ်တွင်ရိုက်နှိပ်/ရေးမှတ်၍ ကပ်ထားပေးပါ။

ထို့ပြင် လျှပ်စစ်နှင့်ပတ်သက်၍ မီးလောင်ရခြင်းအကြောင်းရင်းအချက်(၅)ချက်ကိုလည်း အောက်ပါအတိုင်း ပြည်သူများအားလုံးမဖြစ်မနေသိရှိထားကြရန်နှင့် ပညာပေးဆောင်ရွက်သွားကြရန် (ဖြစ်နိုင်ပါက နေအိမ်တိုင်းတွင် သတိပေးစာစောင်များကပ်ထားကြစေရန်) ယခုအခါအထူးလိုအပ်လျက်ရှိနေပြီဖြစ်သည်။ လျှပ်စစ်ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရသော အဓိကအကြောင်းရင်းများတွင် အပူလွန်ကဲမှုနှင့် ဝိုင်ယာများပူး၍ Short Circuit ဖြစ်ခြင်းတို့မှသာလျှင် အများဆုံးစတင်ဖြစ်ပွားလေ့ရှိသဖြင့် မဖြစ်မနေသိထားသင့်ကြသော အဆိုပါအဓိကအချက်(၅)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**ဝိုင်ယာကြိုးများဟောင်းနွမ်းပျက်စီးခြင်း သို့မဟုတ် စွမ်းဆောင်ရည်မမီခြင်း**

အကာအရံပစ္စည်းများပျက်စီးနေသည့် ဝိုင်ယာကြိုးများ သို့မဟုတ် လက်ရှိသုံးနေသော လျှပ်စစ်ပစ္စည်းများ၏ဝန်အားကို ခံနိုင်ရည်မရှိသော ဝိုင်ယာကြိုးများကို အသုံးပြုခြင်းကြောင့် ဝိုင်ယာကြိုးများ အပူလွန်ကဲလာပြီး မီးစတင်လောင်ကျွမ်းခြင်း သို့မဟုတ် ဝိုင်ယာများပူးပြီးလောင်ကျွမ်းခြင်းကိုဖြစ်ပေါ်စေပါသည်။

**လျှပ်စစ်ပစ္စည်းများကို ခံနိုင်ဝန်အားထက်ပိုမိုသုံးစွဲခြင်း**

ပလတ်ပေါက်တစ်ခုတည်းတွင် လျှပ်စစ်ဓာတ်အားအများအပြားသုံးစွဲသည့်ပစ္စည်းများ (ဥပမာ – ရေနွေးအိုး၊ အပူပေးစက်၊ လေအေးပေးစက်)စသည်တို့ကို တစ်ပြိုင်နက်တည်း အသုံးပြုခြင်းကြောင့် ဝိုင်ယာကြိုးများနှင့် ပလတ်ပေါက်များအပူလွန်ကဲ၍ အရည်ပျော်ကာ မီးပွားများဖြစ်ပေါ်လာပြီး မီးလောင်ခြင်းမျိုးကိုလည်းဖြစ်ပွားစေပါသည်။

**အပူပေးစက်ပစ္စည်းများကို ပေါ့ဆစွာအသုံးပြုခြင်း**

မီးပူ၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးဖို စသည့်အပူစွမ်းအင်သုံးပစ္စည်းများကို အသုံးပြုပြီးနောက် ခလုတ်မပိတ်ဘဲထားခဲ့ခြင်း သို့မဟုတ် လောင်စာဖြစ်လွယ်သောပစ္စည်းများနှင့် နီးကပ်စွာထားရှိခြင်းကြောင့် စက်ပစ္စည်းများအပူလွန်ကဲပြီး အနီးအနားရှိပစ္စည်းများသို့ မီးကူးစက်လောင်ကျွမ်းခြင်းကို ဖြစ်ပေါ်စေပါသည်။

**လျှပ်စစ်စက်ပစ္စည်းများချို့ယွင်းနေခြင်း သို့မဟုတ် စနစ်တကျတပ်ဆင်မှုမရှိခြင်း**

မီးချောင်း၊ မီးပလတ်ခုံ၊ လျှပ်စစ်ခလုတ်၊ မီးအားမြှင့်စက် စသည့်လျှပ်စစ်ပစ္စည်းကိရိယာများ ချို့ယွင်းနေသော်လည်း ဆက်လက်သုံးစွဲနေခြင်း သို့မဟုတ် လျှပ်စစ်ဝိုင်ယာသွယ်တန်းမှုများကို စနစ်တကျမရှိဘဲ တပ်ဆင်ထားခြင်းတို့ကြောင့် အဆိုပါချို့ယွင်းချက်များမှလည်း အပူလွန်ကဲမှု သို့မဟုတ် မီးပွားထွက်မှုများဖြစ်ပေါ်ကာ မီးလောင်ခြင်းကိုဖြစ်ပေါ်စေပါသည်။

**ဓာတ်အားလိုင်းများပြတ်ကျခြင်း သို့မဟုတ် ရေစိုစွတ်ထိတွေ့ခြင်း**

မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း စသည့်သဘာဝဘေးများကြောင့် အပြင်ဘက်ဓာတ်အားလိုင်းများပြတ်ကျခြင်း သို့မဟုတ် အိမ်တွင်းလျှပ်စစ်ပစ္စည်းများ ရေနှင့်ထိတွေ့ခြင်းများကြောင့်လည်း ဓာတ်ကြိုးများတစ်ခုနှင့်တစ်ခုထိတွေ့၍ Short Circuit ဖြစ်ပေါ်ခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်စီးကြောင်းများပျံ့နှံ့ကာ မီးပွားများထွက်လာ၍ မီးလောင်ခြင်းတို့ကိုဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ ပြည်သူများအနေဖြင့် လျှပ်စစ်ကြောင့်ဖြစ်ပွားသော မီးဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် အဓိကအားဖြင့် အထူးသတိပြုကြရမည့်အချက်များမှာ **ဟောင်းနွမ်းပျက်စီးသော လျှပ်စစ်ကြိုးများကို အမြန်ဆုံးလဲလှယ်ရန်၊ အပူပေးပစ္စည်းများကိုအသုံးမပြုသည့်အခါ ခလုတ်ပိတ်ပြီး ပလတ်ဖြုတ်ထားရန်နှင့် လျှပ်စစ်ဝန်အားကိုခံနိုင်ရည်ရှိသော အရည်အသွေးမြင့်ပစ္စည်းများသာရွေးချယ်သုံးစွဲရန်**ဟူသော အချက်ကြီးသုံးချက်ကို မဖြစ်မနေလိုက်နာဆောင်ရွက်ကြခြင်းဖြင့်သာ လျှပ်စစ်ကြောင့်ဖြစ်ပွားသော မီးဘေးအန္တရာယ်များမှ ကင်းဝေးနိုင်မည်၊ လျှော့ချနိုင်ကြမည်သာဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အစည်းအဝေးသဘာပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသမဟာထေရ်မြတ်၏ အစည်းအဝေးဖွင့်သာရဏီယသြဝါဒကထာ

[ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်) ကြာသပတေးနေ့]

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ အမှူးရှိသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား။

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် မရှိလျှင်မဖြစ်၊ မပါလျှင်မပြီး အရေးကြီးသော အချက်လေးချက်ကို တင်ပြလျှောက်ထားပါသည်ဘုရား။

ထိုအချက်လေးချက်မှာ–

(၁) ဘုရားရှင်၏အလိုဆန္ဒတော်၊
(၂) သာဝကများဆောင်ရွက်ရမည့်တာဝန်၊
(၃) သက်ဆိုင်ရာအာဏာပိုင်များ၏ ကူညီပံ့ပိုးမှု၊
(၄) ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာမများ၏ အသိမှန် အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်မှုတို့ပင်ဖြစ်ပါသည်ဘုရား။

**ပထမအချက်ဖြစ်သော** ဘုရားရှင်၏ အလိုဆန္ဒတော်ကို ရှေးဦးစွာလျှောက်ထားရပါလျှင် ဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် သတ္တသတ္တာဟလွန်မြောက်၍ အဋ္ဌမသတ္တာဟ အရောက်တွင် အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ် မာရ်နတ်က "အရှင်ဘုရား ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့" စသည်ဖြင့် လျှောက်ထားတော်မူရာ ဘုရားရှင်က "မာရ်နတ် ငါ၏တပည့်သာဝကများဖြစ်ကြသည့် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့သည် အကြင်မျှလောက်သောကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး၊ ကောင်းစွာဆုံးမပြီးသူများ မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင်မများကြသေး၊ တရားတော်ကို မဆောင်ကြသေး၊ လောကုတ္တရာတရားနှင့်လျော်သော အကျင့်ကို မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့အယူဝါဒကိုသင်ယူ၍ မဟောနိုင်၊ မပြောနိုင်၊ မပြနိုင်၊ မတည်တံ့စေနိုင်၊ မဖွင့်ဆိုနိုင်၊ မဝေဖန်နိုင်၊ မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတစ်ပါးတို့ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားပရိနိဗ္ဗာန်ပြုတော်မူမည်မဟုတ်" ဟု မိန့်တော်မူပါသည်။ (သံ၊ ၃၊ ၂၂၅)

ဘုရားရှင်သည် မိမိ၏တပည့်သာဝကများကို တတ်သိလိမ္မာ ရှိစေချင်သည်။ ကောင်းစွာ ဆုံးမပြီးသူ၊ ကောင်းစွာ ယဉ်ကျေးပြီးသူများဖြစ်စေချင်သည်။ ရဲရင့်သူ၊ အကြားအမြင်များသူများ ဖြစ်စေချင်သည်။ တရားတော်ကို ဆောင်ထားနိုင်သူ၊ လောကုတ္တရာတရားနှင့်လျော်ညီသောအကျင့်ကို ကျင့်နိုင်သူ၊ လျောက်ပတ်သောအကျင့်ကို ကျင့်နိုင်သူ၊ တရားနှင့်လျော်စွာကျင့်လေ့ရှိသူများ ဖြစ်စေချင်သည်။ မိမိတို့၏ ဆရာ့ဝါဒကို သင်ယူ၍ ဟောနိုင်၊ ပြောနိုင်၊ ပြသနိုင်၊ တည်တံ့စေနိုင်၊ ဖွင့်ဆိုနိုင်၊ ဝေဖန်နိုင်၊ ပေါ်လွင်စေနိုင်သူများ ဖြစ်စေချင်သည်။ ပေါ်ပေါက်လာသော သူတစ်ပါးတို့၏ အယူဝါဒကို အကြောင်းနှင့်တကွ နှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို ဟောပြနိုင်သူများဖြစ်စေချင်သည်။ ဤဆိုခဲ့ပြီးသော အရည်အချင်းများနှင့်ပြည့်စုံကြပြီး မိမိ၏ အဆုံးအမဒေသနာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြစေချင်သည်။ ဘုရားရှင်အနေဖြင့် သာဝကတို့အပေါ်၌ ဤမျှလောက် မြင့်မားသော အလိုဆန္ဒတော်ရှိတော်မူပါသည်ဘုရား။

**ဒုတိယအချက်ဖြစ်သော** သာဝကများ ဆောင်ရွက်ရမည့်တာဝန်အနေဖြင့် လျှောက်ထားရပါမူ ဘုရားရှင်၏ သာဝက၊ သာဝိကာများဖြစ်ကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ဟူသမျှတို့သည် ဘုရားရှင်၏ အလိုဆန္ဒတော်ကို ပြည့်ဝအောင်ဖြည့်ဆည်းပေးရမည့် တာဝန်ရှိသူချည်းဖြစ်ကြပါသည်။ ဘုရားရှင်၏ တပည့်သာဝက ဟူသမျှတို့သည် "ငါသည် ဘုရားရှင်၏အလိုဆန္ဒတော်ကို မည်မျှအတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ခဲ့သူဖြစ်သနည်း" ဟု မိမိကိုယ်ကို အမြဲမပြတ် ဆန်းစစ်နေဖို့လိုပါသည်ဘုရား။ ဤသို့ ဆန်းစစ်နေမှသာ ဘုရားရှင်၏အလိုဆန္ဒတော်များ ပြည့်ဝအောင် ဖြည့်ဆည်းပေးလိုသည့် (ဝါ) သာသနာတော် သန့်ရှင်းတည်တံ့ပြန့် ပွားတိုးတက်အောင် ဆောင်ရွက်လိုသည့် သဒ္ဓါတရားတဖွားဖွား တိုးတက်နေပါလိမ့်မည်ဘုရား။

ဘုရားရှင်၏အလိုဆန္ဒတော် ပြည့်ဝအောင် ဖြည့်ဆည်းပေးရမည့် (ဝါ) ဘုရားရှင်ဖြစ်စေလိုသည့် ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်ရမည့်တာဝန်မှာ ရဟန်းတော်များအတွက် သာသနာတော်ကို တရားဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းဟူသော ဓမ္မာနုဂ္ဂဟဖြစ်သည့် ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်နှစ်မျိုးသာ ဖြစ်ပါသည်ဘုရား။ ဥပါသကာ၊ ဥပါသိကာ၊ ဒကာ၊ ဒကာမများအတွက်မှာမူ သာသနာတော်ကို ပစ္စည်းလေးပါးဟူသော အာမိသဖြင့်ချီးမြှောက်ထောက်ပံ့ခြင်းဖြစ်သည့် အာမိသာနုဂ္ဂဟတာဝန်မျိုး ဖြစ်ပါသည်ဘုရား။ ယင်းသို့ တာဝန်အသီးသီးရှိကြရာ ဥပါသကာ၊ ဥပါသိကာ၊ ဒကာ၊ ဒကာမတို့ တာဝန်မှာ ကျေပွန်ပြီးဖြစ်သည်ဟု ဆိုရပါမည်ဘုရား။ အဘယ်ကြောင့်ဆိုသော် ယခုအခါ နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင်စေတနာရှင်ပြည်သူအပေါင်းသည်သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို လုံ့လကြိုးကုတ်အားထုတ်ကြရာ၌ မငြိုမငြင် မပင်မပန်း ကြိုးပမ်းအားထုတ်နိုင်ကြစေရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော အာမိသတို့ကို လိုလေသေးမရှိ အပြည့်အဝထောက်ပံ့သည့်အနေဖြင့် ငလျင်ဘေးဖြစ်သည့် ကျောင်းတိုက်များအား အင်တိုက်အားတိုက် ထောက်ပံ့ခြင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စများ မလစ်ဟင်းစေရန် ဖြည့်ဆည်းပေးခြင်းများကို တွေ့မြင်နိုင်ကြပါသည်ဘုရား။

ဘုရားတပည့်တော်တို့ ရဟန်းတော်များဘက်ကလည်း ဂန္ထဓုရအတွက် ပရိယတ္တိစာသင်တိုက်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများက နှစ်စဉ်မပြတ် ပရိယတ္တိသာသနာတော်အတွက်



တာဝန်ကျေကျေ ထမ်းဆောင်နေကြသည်ကို တွေ့မြင်ရသည်မှာ ယခုနှစ် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၈) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် တစ်ပါးပေါ်ထွန်းခြင်းနှင့် ဝဋံသကာ ဂုဏ်ထူးရ ရဟန်းတော်တစ်ပါးပေါ်ထွက်ခြင်း စသည်တို့က သက်သေပင်ဖြစ်ပါကြောင်း ဝမ်းမြောက်စွာလျှောက်ထားလိုပါသည် ဘုရား။ ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်း ဘုရားသာဝက ရဟန်းတော်များအနေဖြင့် ပရိယတ္တိစာပေကျမ်းဂန်များ စဉ်ဆက်မပြတ်ပို့ချပေးခြင်း၊ အစိုးရပါဠိ ပထမပြန်စာမေးပွဲ၊ အစိုးရဓမ္မာစရိယစာမေးပွဲ၊ သကျသီဟစာမေးပွဲ၊ စေတိယင်္ဂဏစာမေးပွဲ၊ အစိုးရနိကာယ်စာမေးပွဲ၊ မြို့နယ်ပေါင်းစုံရှိ သာမဏေကျော်စာမေးပွဲစသည်များကိုကျင်းပလျက် ပရိယတ္တိကျမ်းဂန်တတ်ပညာရှင်များ ပေါ်ပေါက်စေရေး အားပေးချီးမြှောက်နေခြင်းတို့ကိုလည်း တွေ့မြင်နေရပါသည်ဘုရား။ အနီးစပ်ဆုံးအနေဖြင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၁-၁၂-၂၀၂၅ ရက်နေ့မှ ၂၂-၁-၂၀၂၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး စာဖြေသံဃာတို့၏ စိတ်အားထက်သန်မှု တိပိဋကသြဝါဒါစရိယ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၏ တာဝန်ယူမှု ဥပတ္ထမ္ဘကပုဂ္ဂိုလ်တို့၏ ကြောင့်ကြစိုက်ထုတ်မှု၊ ဒကာ၊ ဒကာမတို့၏ သာသနာတော်အပေါ် အာမိသာနုဂ္ဂဟအားဖြင့် တာဝန်ကျေမှုတို့ကိုတွေ့ရှိရရာ အလွန်စိတ်အားထက်သန်စရာ ကောင်းလှပါသည်ဘုရား။ ဝိပဿနာဓုရအနေဖြင့်လည်း ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၏ နည်းလမ်းတကျဟောပြောပြသမှု၊ ယောဂီအပေါင်း၏စိတ်အားထက်သန်စွာ အားထုတ်မှုများကို ဆရာတော်ဘုရားများ လေ့လာတွေ့ရှိနိုင်ပါသည်ဘုရား။ ဤသို့ ဓမ္မာနုဂ္ဂဟဖြစ်သည့် ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်များကို အားသွန်ကြိုးပမ်းထမ်းဆောင်နေကြရုံသာမက သာသနာ့ဂုဏ်သိန် ညှိုးမှိန်စေကြသည့် သာသနာ ပစ္စတ္ထိက သာသနာအတွင်းသား အန္တရာယ်၊ သာသနာ့ပြင်ပအန္တရာယ်များကိုလည်း လျစ်လျူရှုတော်မမူကြဘဲ ညီညွတ်သောသံဃာအင်အားဖြင့် အထူးဂရုပြုဖယ်ရှားနိုင်ရေး ဆောင်ရွက်ကြရန်လည်း လျှောက်ထားလိုပါသည်ဘုရား။

ယနေ့ခေတ်ကာလအားလျော်စွာ ဖေ့ဘုတ်၊ တစ်တော့ စသောလူမှုကွန်ရက်တွင် သာသနာတော်အတွင်းသား ရဟန်းသာမဏေသီလရှင်များ၏ သမဏသာရုပ္ပ မဖြစ်သောအပြုအမူများ လွှင့်တင်ဆောင်ရွက်နေခြင်း၊ ဓမ္မဝိနယနှင့် မလျော်ညီဘဲ ဟောပြောပြသနေကြခြင်း၊ သာသနာအတွင်းသားမဟုတ်သည့် ပုဂ္ဂိုလ်များ၏သာသနာတော်၏ဂုဏ်ရှိန်ကို ညှိုးမှိန်စေသည့်ပြောဆိုပြုမူနေခြင်းများကိုလည်း မကြာခဏတွေ့မြင်နေရရာ ထိုသို့သော သာသနာတော်ဂုဏ်ရှိန်ညှိုးမှိန်စေသည့် ကိစ္စရပ်များအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် တာဝန်ဝတ္တရားများကျေပွန်နိုင်ရေး စိန်ခေါ်မှုတစ်ရပ်ကဲ့သို့ဖြစ်နေပါသည်ဘုရား။ ထိုကိစ္စရပ်များနှင့်ပတ်သက်၍ ဓမ္မစက်၊ အာဏာစက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ညီညွတ်သောသံဃာအင်အားကို အမှန်တကယ်လိုအပ်နေသည်ဖြစ်ရာ တပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအနေဖြင့်လည်း မိမိတို့၏ အခြေခံဒေသအတွင်း ကြောင့်ကြမဲ့မနေဘဲ အားဖြည့်ကူညီဆောင်ရွက်ပေးရေး လျှောက်ထားလိုပါသည်ဘုရား။

**တတိယအချက်ဖြစ်သည့်** သက်ဆိုင်ရာအာဏာပိုင်များ၏ ကူညီမှုများနှင့်ပတ်သက်၍ လျှောက်ထားရပါလျှင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး သုံးလအကြာ အရှင်မဟာကဿပ အမှူးပြုသော ရဟန္တာအရှင်သူမြတ်ကြီးများ ပထမသင်္ဂါယနာတင်ရာကာလတွင် အဇာတသတ်မင်းနှင့် ပြည်သူပြည်သားများ စသည်ဖြင့် သင်္ဂါယနာခြောက်တန်တင်သည့် အကြိမ်တိုင်း၌ မင်းနှင့်ပြည်သူများ၊ သက်ဆိုင်ရာအစိုးရနှင့် နိုင်ငံသူ၊ နိုင်ငံသားများက သာသနာတော်အတွက် တရားနှင့်လျော်သော အထောက်အပံ့အကူအညီများ ပေးခဲ့သည့်နည်းတူ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီးများကျင်းပခဲ့ရာ၌ နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်သံဃာ့ဝန်ဆောင်အစည်းအဝေးများကျင်းပရာအခါ၊ အစားထိုးရွေးချယ်ပွဲများ ကျင်းပရာအခါ၊ မှုခင်းပြဿနာများ အကောင်အထည်ဖော်ရာအခါ၊ စာမေးပွဲရာသီအလိုက် စာမေးပွဲများကျင်းပရာအခါ စသည်တို့၌လည်း သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတို့၏ ကူညီပံ့ပိုးမှု၊ ဓမ္မစက်ကို အာဏာစက်ဖြင့်ကူညီမှု စသည်တို့ကို အမှန်တကယ် လိုအပ်ပါသည်ဘုရား။ သို့ဖြစ်၍ မိမိတို့ အခြေခံဒေသအလျောက် သက်ဆိုင်ရာအာဏာပိုင်တို့၏ ထောက်ပံ့ကူညီမှုတို့ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ပါသည်ဘုရား။

**စတုတ္ထအချက်အနေဖြင့်** ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာများ၏ အသိမှန် အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်မှုကို လျှောက်ထားရပါလျှင် ဗုဒ္ဓဘာသာကိုကိုးကွယ်ဆည်းကပ်ကြသည့် ဥပါသကာ၊ ဥပါသိကာများသည် "ပသာဒဗဟုလော ဟောတိ ဘိက္ခူသု ထေရေသု စေဝ နဝေသု မဇ္ဈိမေသု စ" ဟူသော အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဒုတိယပရိဟာနိသုတ်၊ ဝိပတ္တိသုတ်၊ ပရာဘဝသုတ်(အံ၊ ၂၊ ၄၁၆၊ ၄၁၇) တို့၌လာသော ဥပါသကာ၊ ဥပါသိကာတို့ မဆုတ်ယုတ်ကြောင်း၊ ပြည့်စုံကြောင်း၊ ဖြစ်ထွန်းကြီးပွားကြောင်း တရား ခုနစ်ပါးတို့အနက် တစ်ပါးအပါအဝင်ဖြစ်သော

**စာမျက်နှာ ၁၅ သို့** ■

■ စာမျက်နှာ ၁၄ မှအဆက်

သီတင်းသိက္ခာကြီး၊ သီတင်းသိက္ခာငယ်၊ သီတင်းသိက္ခာလတ်ဖြစ်ကြကုန်သော ရဟန်းတော်တို့၌ များစွာကြည်ညိုတတ်သူများ ဖြစ်ကြရပါမည် ဘုရား။ ယင်းသို့ များစွာကြည်ညိုတတ်သူများ၊ ကြည်ညိုကြရာ၌ ဂန္ထဓုရ ဝိပဿနာဓုရ ဟူသော ဓုရ ၂ ပါးဖြင့်သာ လုံ့လကြိုးကုတ်အားထုတ်နေသော ရဟန်းကောင်း ရဟန်းမြတ်တို့ကိုသာ ကြည်ညိုဆည်းကပ်တတ်ကြရန်လည်း အလွန်လိုအပ်ပါသည်ဘုရား။ ယခုခေတ်အချိန် ကုလဒူသန အနေသနအမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ရဟန်းဆိုးများ၊ အတ္တုက္ကံသန ပရဝမ္ဘနသဘောဆောင်ကာ လူမှုကွန်ရက်ပေါ်တွင် သာသနာတော်နှင့်မလျော်သည့် အလိုဆိုးရေးရှု၍ ဟောပြောပြသပြုမူလှုပ်ရှားနေကြသည့် အချို့သော သာသနပစ္စတ္ထိကများကို အစစ်အမှန်ထင်၍ ကိုးကွယ်မှုမပြုကြစေရန် ဥပါသကာ၊ ဥပါသိကာများ ကျေကျေလည်လည်သိရှိနားလည်သဘောပေါက်အောင် ဟောပြောဆုံးမပြုပြင်သွန်သင်ရမည့်တာဝန်မှာ ရဟန်းကောင်း၊ ရဟန်းမြတ်တို့၏ ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်နေပါသည်ဘုရား။ သို့ဖြစ်ရာ နိုင်ငံတော် သီးခြားဂိုဏ်းဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟု ဆုံးဖြတ်ထားပါလျက် ပေါ်ပေါ်ထင်ထင် ပြန်လည်အသက်သွင်းနေကြသော အစုအဖွဲ့များ၊ မိမိကိုယ်ကိုပင် သာသနာပြုအမည်ခံကာ သာသနာဖျက်နေကြသူများကို လျစ်လျူရှုထားတော်မမူကြဘဲ တားဆီးကာကွယ်တော်မူကြလျက် ဗုဒ္ဓသာသနာတော်အစစ်အမှန်ကို ဥပါသကာ ဥပါသိကာများ အသိအမြင်မှန်ဖြင့် ကိုးကွယ်ဆည်းကပ်နိုင်ကြစေရန် ဆုံးမသွန်သင်တော်မူကြပါဟု လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခါနီး ကာလတွင်လည်း မာရ်နတ်က ပရိနိဗ္ဗာန်ပြုတော်မူပါဟု လျှောက်ထားလာခဲ့ရာ မြတ်စွာဘုရားရှင်က တပည့်သာဝကများဖြစ်သော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့ကို ယုံကြည်တော်မူသဖြင့် ပရိနိဗ္ဗာန်ပြုတော်မူမည်ဟု မိန့်ကြားတော်မူခဲ့ပါသည်ဘုရား။ ဘုရားရှင်တော် ယုံကြည်တော်မူခဲ့သည့်အတိုင်း ဘုရားရှင်၏ အလိုဆန္ဒတော်ကို သိရှိတော်မူကြပြီး သာဝကများဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်တော်မူကြလျက် ခေတ်အားလျော်စွာ သက်ဆိုင်ရာ အာဏာပိုင်အစိုးရမင်းတို့၏ အကူအညီအထောက်အပံ့ကိုရယူကာ နောက်ဆုံးအချက်ဖြစ်သော ဗုဒ္ဓဘာသာဝင် ဥပါသကာ၊ ဥပါသိကာများ အသိမှန် အမြင်မှန်ဖြင့် သာသနာတော်ကို ကြည်ညိုတတ်စေရန် ဟောပြောပြသဆုံးမတော်မူကြပြီး ဘုရားရှင်ယုံကြည်တော်မူသည့်အတိုင်း သာသနာပြုစိတ်ဓာတ် အပြည့်အဝထားတော်မူကြလျက် အားသွန်ကြိုးပမ်းဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

**ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**ဥက္ကဋ္ဌဆရာတော်**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့**

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူ့ဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင်လည်း ဟန်ချက်ညီညီဝန်ဆောင်မှုပေးရန် လိုအပ်သည့်အတွက် စနစ်တကျဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှိရမည့်အင်္ဂါရပ်များ၊ အချက်အလက်များ ပြည့်စုံစွာ တင်ပြလာပါက ကြန့်ကြာမှုမရှိဘဲ လိုင်စင်ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း၊ ဆေးရုံဖွဲ့စည်းပုံများ ဆေးရုံအင်္ဂါရပ်နှင့်ညီညွတ်စွာ တည်ထောင်ဖွင့်လှစ်ရန်ရည်ရွယ်၍ ကြိုတင်ထောက်ခံချက်တင်ပြရန် အလေးထားဆောင်ရွက်လျက်ရှိပြီး အတည်ပြုထားသော ဗိသုကာပုံစံအတိုင်း တည်ဆောက်ရန် ထိန်းကျောင်းကြီးကြပ်လျက်ရှိကြောင်း၊ လိုင်စင်စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများကိုလည်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများလုံခြုံစိတ်ချရသည့် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်ရည်ရွယ်၍ ပုဂ္ဂလိကကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းများနှင့် ပုဂ္ဂလိကပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်နိုင်ရန် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၆ ခုနှစ်)ကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် လူ့စွမ်းအားအရင်းအမြစ်များ မှန်ကန်စွာအသုံးချနိုင်ရေး မူဝါဒများချမှတ်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတိုးတက်ဖြစ်ထွန်းရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတိုးတက်ဖြစ်ထွန်းမှု၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်(အသစ်) လျှောက်ထားလာသည့် ကိစ္စရပ်များကိုတင်ပြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

## Grade-12 အောင်ချက်မြင့်မားရေး သင်ကြားပို့ချနေမှု ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၉

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ Grade-12 အောင်ချက်မြင့်မားရေး Face To Face သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးသည်။



ဦးစွာ မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမနှင့် ပမ္မတီးရပ်ကွက်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ခန်းမတို့၌ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ပုဂ္ဂလိကပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား မြစ်ကြီးနားတက္ကသိုလ်မှ ပါမောက္ခဌာနမှူးများနှင့် ဆရာ၊ ဆရာမများက သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများကို အားပေးစကားပြောကြား၍ ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယမန်နေ့ညနေပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ကျင်းပသည့် ကချင်ပြည်နယ်လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆)အောင်မြင်စွာကျင်းပနိုင်ရေး ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို မြစ်ကြီးနားတက္ကသိုလ်၌ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လူငယ်ကိုယ်စားလှယ်များ ဖိတ်ခေါ်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပမည့် အသေးစိတ်အစီအမံများနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံလီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီက ကြီးမှူး၍ လီဆူရိုးရာယဉ်ကျေးမှုကွင်းအတွင်းကျင်းပသည့် ၂၀၂၆ ခုနှစ် လီဆူခေါ်ရှိ နှစ်သစ်ကူးအထိမ်းအမှတ်ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌက လီဆူခေါ်ရှိ နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ လီဆူခေါ့ရှိ နှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို ဗဟိုကော်မတီဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ လီဆူတိုင်းရင်းသားများ၏ တေးသီချင်း၊ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ပွဲတော်ကာလအတွင်း ကျင်းပခဲ့သော လီဆူတိုင်းရင်းသားမျိုးနွယ်စုတို့၏ ဒူးလေးပစ်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် အသင်းများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများပေးအပ်ကာ လီဆူရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ ပွဲတော်ကို တပျော်တပါးစုပေါင်းဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

### ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များ(Private Cinema) ဖွင့်လှစ်ပြသနေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအနေဖြင့် အချို့သောစီးပွားရေးလုပ်ငန်းရှင်များသည် ပရိုဂျက်တာ/ TV အသုံးပြု ပုဂ္ဂလိကရုပ်ရှင်ရုံငယ်များကို ဟိုတယ်/ တည်းခိုခန်းများကဲ့သို့ အခန်းကန့်ပြီးဖွင့်လှစ်လာကြ၍ မလိုလားအပ်သော လူမှုရေး ရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြသခွင့်လိုင်စင်များထုတ်ပေးမှုများရှိပါက ချက်ချင်းရုပ်သိမ်းသွားရန်နှင့် တရားမဝင်ပြသနေမှုများအား ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေအရ အရေးယူဆောင်ရွက်သွားရန် တိုင်းဒေသကြီး/ ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိပါသည်။

သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်ရှိ RIO Private Cinema၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ The Vibe Mini Cinema အပါအဝင် အချို့သော Private Cinema များသည် ဆင်ဆာမဲ့ရုပ်ရှင်ဇာတ်ကားများကို အသုံးပြု၍ မလျော်ကန်စွာ တရားမဝင် ဆက်လက်ဖွင့်လှစ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ပါ၍ လုပ်ငန်းလိုင်စင်မရှိဘဲ ရုပ်ရှင်ရုံဖွင့်လှစ်ပြသခြင်း၊ ဆင်ဆာမဲ့ဇာတ်ကားများပြသခြင်းများ ဆက်လက်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ**

# ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်



ဟားခါး ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်၌ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများသည် အခြားတိုင်းဒေသကြီး/ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများနှင့်နှိုင်းယှဉ်ပါက လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို Professional ကျကျထမ်းဆောင်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟုပါရှိကြောင်း၊ ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေးသည် ကွာခြားကြောင်း၊ ပါတီနိုင်ငံရေးသည် ပါတီတစ်ခု၏အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဖြစ်ပြီး အမျိုးသားနိုင်ငံရေးသည် သာမန်အားဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ခြင်းဖြစ်ကြောင်း၊ မည်သည့်အစိုးရတက်တက် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ကို တာဝန်ခံပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်ကချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကိုကိုးကားပြီး မိမိတို့ဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် တင်ပြလိုသည့်အချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဘေးအန္တရာယ်ဖြစ်ပွားပါက အလျင်အမြန်တုံ့ပြန်နိုင်ရေး မီးသတ်စခန်းဆောင်ရွက်ထားရှိမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၁၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မီးသတ်စခန်း၌ မီးဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်နှင့် အခြားမတော်တဆမှုများဖြစ်ပွားပါက ပြည်သူလူထုအား အလျင်အမြန်တုံ့ပြန်ကူညီဆောင်ရွက်ပေးနိုင်ရန် အသင့်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ မီးငြိမ်းသတ်ယာဉ်များနှင့် ရေသယ်ယာဉ်များ အသင့်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မုန်တိုင်းဘေး စသည့်သဘာဝဘေးအန္တရာယ်များနှင့် ရုတ်တရက်ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်များဖြစ်ပွားကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် အမြဲအသင့်ဖြစ်စေရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက် ရန်နိုင်ရပ် နယ်မြေ ၁၆ ရှိ မီးလောင်ပြင်တွင်ပါဝင်ခဲ့သည့် အိမ်ထောင်စုများအတွက် မြေနေရာချထားမည့်အခြေအနေကို ခရိုင်မြေနေရာချထားရေးကော်မတီဥက္ကဋ္ဌ ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ်နေပြည်တော်မြို့မဈေး၌ နေပြည်တော် မီးသတ်ဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦးက အထောက်အကူပြုမီးသတ်ရေယာဉ် ၁၅ စီးဖြင့် မီးလောင်မှု Level-2 ငြိမ်းသတ်သရုပ်ပြလေ့ကျင့်မှုနှင့် ဈေးသူဈေးသားများအား လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသနေမှုကိုကြည့်ရှုအားပေးပြီး သရုပ်ပြပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့သူများကို နေပြည်တော်ကောင်စီဝင်က ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်စည်ပင်ဧည့်ရိပ်သာအတွင်း လွှတ်တော်ကိုယ်စားလှယ်များအတွက် နေရာချထားမည့်အဆောင်များ ပြင်ဆင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုရန်ပုံငွေဖြင့် ပျဉ်းမနားမြို့နယ် အာဟာရသုခဈေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် လူအင်အား၊ စက်ယန္တရားတိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိအောင် တည်ဆောက်ရေးမှာကြားကာ ပျဉ်းမနားမြို့နယ် ရွှေချီ(၉)လမ်းရှိ ရာဘာဆည် အမှတ်(၅)ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# Naypyitaw State Academy ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ကျောင်းသား၊ ကျောင်းသူများ ဥပဒေဆိုင်ရာအသိပညာတိုးပွားစေရန်နှင့် လူကုန်ကူးမှုအန္တရာယ်ကို နားလည်သိရှိစေရန်ရည်ရွယ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ညနေ ၃ နာရီတွင် Naypyitaw State Academy ရှိဘက်စုံခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(နေပြည်တော်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မိုးမိုးထွန်းက လူကုန်ကူးမှုဖြစ်ပေါ်လာရခြင်း အကြောင်းရင်းများ၊ လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းအစီအစဉ်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဟောပြောပွဲသို့ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ တွဲဖက်ပါမောက္ခ(ဌာနမှူးများ)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈°C | / | ၃၇°C |
| ရန်ကုန် | ၂၃°C | / | ၃၈°C |
| မန္တလေး | ၁၈°C | / | ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးတိုင်းဒေသကြီးရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မိတ္ထီလာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက ပညာရေးဒီဂရီကောလိပ်၏ သုံးထပ်ပင်မဆောင်အတွင်း သင်ကြားရေး စီမံရေးဆိုင်ရာဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သုံးထပ်ပင်မဆောင်ရှိ စာသင်ခန်းများ၊ ခန်းမနှင့် Theater များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်ကြားရေး၊ စီမံရေးဆိုင်ရာလုပ်ငန်းရပ်အသွေးများတိုးတက်အောင် အလေးထားဆောင်ရွက်ရေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာပညာရေးဒီဂရီကောလိပ်အတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့သွားရောက်၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက မန္တလေးပညာရေးဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်မြှင့်တင်နိုင်ရေးနှင့်ဖွင့်လှစ်နိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြင်ဆင်ရမည့်စာသင်ဆောင်များ၊ တည်ဆောက်ဖြည့်ဆည်းရမည့်နေရာ၊ အဆောက်အအုံ Master Plan နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ဆွေးနွေးကာ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုမှာကြားသည်။

ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်၏ စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ပင်မဆောင်၊ ဘောလုံးအားကစားကွင်း၊ အားကစားရုံ၊ အားကစားကွင်းနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်တို့ရှိ တည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ဆောင်၌ ဆရာ၊ ဆရာမများ၊ အားထားရမည့်မျိုးဆက်သစ် ပညာတတ်လူတော်လူကောင်းများကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားကာ မန္တလေးပညာရေးဒီဂရီကောလိပ်အတွက် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက



သင်တန်းသား၊ သင်တန်းသူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆရာ၊ ဆရာမ ဖြစ်လာမည့်သူများအနေဖြင့် မိမိတို့ကိုယ်တိုင်သင်ကြားရမည့်ဘာသာရပ်ဆိုင်ရာများကို အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်အောင် ယခုကတည်းက ကြိုးစားအားထုတ်ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ နိုင်ငံအတွက် လက်ခံရယူကြသည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ ငလျင်ကြောင့်ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ပြီးစီးခဲ့သည့် ငါးထပ်စာသင်ဆောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မန္တလေးတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆိုပါတက္ကသိုလ်အတွင်း ဖွင့်လှစ်ထားရှိသည့် ဗန်းမော်တက္ကသိုလ် ယာယီရုံးခန်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယာယီကာလတွင်ကြုံတွေ့ရသည့်အခက်အခဲစိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ်ပြောင်းလဲကြစေလိုကြောင်း၊ လိုအပ်သည်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့သည် သင်ကြားရေးပညာရှင်များဖြစ်၍ ရရှိသည့်အချိန်ကာလနှင့်လျော်ညီစွာ မိမိတို့ဘာသာရပ်ဆိုင်ရာများ၊ သုတေသနလုပ်ငန်းဆိုင်ရာများကို အဆက်မပြတ်အမြဲလေ့လာအားထုတ်ကြရန်လိုကြောင်း၊ မည်သည့်အစိုးရလက်ထက်တွင်မဆို မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာရှိစွာတာဝန်ထမ်းဆောင်ရန် လိုအပ်ကြောင်းပြောကြားကာ ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာရှိသော ခရီးစဉ်ဒေသများဖော်ထုတ်ရေးဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၁၉

ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားလုပ်ငန်း၏ အရေးပါမှုကို အသိအမှတ်ပြုလာကြပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေး ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာရှိသော ခရီးစဉ်ဒေသများဖော်ထုတ်ရေး ဆောင်ရွက်ရာတွင် မြေပြင်လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ပေါင်း ၂၀၀ ကျော်ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ အတွေ့အကြုံကောင်းများကို စာတွေ့လက်တွေ့လေ့လာသိရှိနိုင်မည်ဖြစ်ပြီး မြေပြင်တွင် လုပ်ငန်းဆောင်ရွက်ရာ၌ ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို မျှဝေပေးနိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှရရှိလာမည့် ဆွေးနွေးမှုရလဒ်နှင့် တွေ့ရှိချက်များကို သက်ဆိုင်ရာခရီးစဉ်ဒေသများတွင် လက်တွေ့အသုံးချအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေး အာဆီယံ-ဂျပန်ဗဟိုဌာန၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပညာရှင်များက ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးပြောကြားကာ အဖွဲ့များခွဲ၍ဆွေးနွေးခြင်း၊ စကားဝိုင်းဆွေးနွေးခြင်းနှင့် ဆွေးနွေးပွဲရလဒ်များကို သုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အွန်လိုင်းမှတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် လက်ရွေးစင်အားကစားသမားများ၊ နည်းပြများ၏စွမ်းဆောင်မှုအရည်အသွေးများ လိုအပ်သည့်အပြင် ခေတ်မီနည်းပညာစံနှုန်းသတ်မှတ်ချက်များနှင့် တည်ဆောက်ထားသည့် အားကစားကွင်း၊ အားကစားရုံများစွာလိုအပ်သည့်အတွက် နိုင်ငံတကာနည်းပညာနှင့် တည်ဆောက်သွားမည့် ရန်ကုန်မြို့၏အထင်ကရလာမိုင်းဝင် အားကစားကွင်းကြီးဖြစ်သည့် အောင်ဆန်းအားကစားကွင်းကြီး အောင်မြင်စွာ ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည့် အားကစားကွင်းသစ်ကြီးအဖြစ် ထပ်မံပေါ်ထွန်းလာစေရေး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ သုတေသနအကြံပေးကော်မတီ (RAC) ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာသုတေသနအကြံပေးကော်မတီ(RAC) ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီးက သုတေသနအကြံပေးကော်မတီကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်သည့် လမ်းညွှန်မှုများပေးပို့နိုင်ရန် ရည်ရွယ်ကြောင်း၊ သုတေသနစာတမ်းဖတ်ပွဲ ၃၆ ကြိမ်အတွင်း စာတမ်းစုစုပေါင်း ၆၂ စောင်ကို ထုတ်ဝေနိုင်ခဲ့ကြောင်း၊ မကြာခင် ကျင်းပမည့် (၃၇) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍဆိုင်ရာ သုတေသနအကြံပေးကော်မတီ (RAC) ပဉ္စမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ သစ်တောသုတေသနဌာနခွဲ ညွှန်ကြားရေးမှူးက (၃၇)ကြိမ်မြောက်သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲအစီအစဉ်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်မည့် သုတေသနအဆိုပြုလွှာများအား ဆွေးနွေးတင်ပြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# The message sent by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the 78th Anniversary of Chin National Day 2026

**Esteemed people and Chin ethnic nationalities,**

I extend my heartfelt prayers and best wishes for the fulfilment of all forms of well-being and prosperity to all Chin ethnic nationalities, as well as to all national brethren born of the Union on the auspicious occasion of the 78th Anniversary of **"Chin National Day"**, which falls on 20 February 2026.

In the Republic of the Union of Myanmar, all national races born of the Union, including the Chin ethnic people, have for many years lived together on the same land and shared the same water, united in spirit and solidarity like members of one family. Owing to this unity and harmony, the nation has been able to stand with dignity and honour in the community of the world.

Throughout the successive stages of the nation's independence struggle and during the period of building the State after independence, the Chin ethnic people stood shoulder to shoulder and worked hand in hand with other national races born of the Union. During the time of invasion and occupation by the British colonialists, Chin ethnic leaders such as Bo Khai Kam, Bo Con Bik, Bo Lall Lwe, and Bo Thaung Linh, together with the Chin ethnic people, bravely and resolutely resisted the imperialists alongside other national brethren.

In addition, Chin ethnic leaders such as U Thong Za Khup, recipient of the Naing-Ngan Gonyi Award First Class, U Kio Mang, Wunna Kyaw Htin U Hlur Hmong, Thiri Pyanchi U Thaung Cin Thang, Independence Mawgun Award First Class recipient, and Thadoe Maha Thray Sithu U Vammathumong, Naing-Ngan Gonyi Award First Class recipient and Thiri Pyanchi U That Ling played key roles during the struggle for independence. After independence, during periods of internal unrest, Chin leaders, including Lt-Col Hrang Thio, Lt-Col Lyan Ciin Zamg, Captain Thura, Aung San Thuria Taik Chun, Colonel Zeya Kyaw Htin Van Kul, and Naing-Ngan Gonyi award First Class recipient Maj-Gen Thaung Za Khai actively and faithfully carried out their respective duties for the nation alongside their fellow Chin ethnic people.

Thus, the many heroic Chin ethnic people who devoted their lives, blood, and sweat for the stability of the State and the Union, and for the consolidation of sovereignty, and who are forever honoured by the State and Tatmadaw, remain enshrined in history as a source of pride and admiration for the Chin State and the Chin ethnic people.

In 1948, during the early post-independence period, a rally in Falam revoked the feudal administrative system and initiated the regional democratic administrative system. On that day, which fell on 20 February, was designated as **"Chin National Day"**, and celebrations are held yearly, and this year's occasion is the 78th one.

At present, the ongoing violent and terror acts, lawless acts, and destructive activities within the country, including in certain areas of Chin State, pose a grave danger to the nation. It is especially necessary to remain vigilant and take protective measures against groups, both domestic and foreign, that seek to sow discord, incite hatred, and promote bloodshed among Union-born national brethren, thereby undermining the bonds of friendship and mutual respect that have been built over thousands of years, as well as to guard against the imposition of narrow, ethnocentric ideologies.

These terror acts were based on instigations with the eagerness to unlawfully seize the State power without accurately reviewing the incidents, or cancelling the results of voting frauds which happened in the 2020 general elections. Some ethnic armed organizations with incorrect attitudes over the State and the people took the advantages over the instability of the nation and committed destruction and violent attacks on the peaceful and stable areas to expand their areas and control. As such, everyone knows that innocent people from various regions, including the Chin State, face loss of lives, property and houses, as well as a large number of public-owned buildings, facing hardships.

It is the local ethnic people themselves who are directly experiencing the harmful effects of armed violence. The actual destruction and losses also extend to the nation's resources and basic infrastructure of the State. In a context where development is gaining momentum, such reckless actions reduce the country's strength and require enormous effort and time to restore conditions to their original state. Because of these violent incidents, the State has been providing financial assistance for civil servants and civilians who have been temporarily displaced. Therefore, all ethnic peoples, including the Chin ethnic community, are encouraged to work together to eliminate terrorist actions and attacks that harm the nation and its people, and to help achieve peace and stability.

The National Defence and Security Council has adopted and is implementing four objectives while striving to continuously create a peaceful and stable environment, intending to end the armed conflicts for the sake of the State and the people. Only when the State has an improved economy will various sectors, including politics, social affairs, education and health, develop. As such, priority must be given to grow economic infrastructure to improve the socio-economic life of the people.

That is why it is necessary to emphasize larger quantities of agricultural produce in relevant regions and prioritize systematic livestock breeding measures appropriate for the region. I would like to urge all to beef up production of quality MSME products through micro, small and medium-sized enterprises based on agricultural and livestock goods produced locally in order to ensure local food security and fulfil the local demand, in addition to increasing the volume of export products. In this regard, the State is providing necessary techniques, capital and production inputs for those businesspersons with more and more aid plans.

For the building of a Union based on democracy and a federal system that the State is striving to establish, and for the social and economic development of the people, all citizens must be healthy, resilient, and equipped with knowledge and skills. Therefore, the State is making efforts to develop all sectors, including education and healthcare, in a coordinated and comprehensive manner. Since national development can only be achieved through a knowledgeable and skilled population, the State provides free and diversified education to ensure that every citizen has the opportunity to complete at least KG+9. In addition, 89 basic education and industrial, agricultural, and livestock schools have been opened to enable those who complete KG+9 to acquire vocational and livelihood skills, thereby cultivating human resources for the nation.

Everybody knows that schools, universities and colleges have been established for the people to have access to basic and higher education. I would like to urge all to enable all school-age youth to attend schools, not to drop out of school and learn education till their goals to become experts, professionals and professors. As health is essential for all societies, like education, the State enhances healthcare services, treatment and sharing activities on health awareness. As such, everybody needs to take care of their health to be long life expectancy.

Due to the voting fraud in the 2020 general elections, the state of emergency for the nation was declared in accord with the Constitution **(2008)** starting from 1 February 2021, and Tatmadaw took State responsibilities temporarily. From time onward, objectives and roadmaps were implemented for the peace and stability of the Union, the rule of law, the development of economic, social, education and other sectors. Efforts are being made to cease the armed conflicts in accordance with the NCA agreements, and it should be noted that meetings and discussions have been held with ethnic armed organizations, and they have consistently been welcomed with open doors for the sake of durable peace.

The National Defence and Security Council has successfully conducted the free and fair multi-party democratic general election 2025 in three phases,

See Page - 19 ■■

■■ From Page - 18

achieving the State's ultimate goal. According to the election results, Hluttaw sessions will be held in March, and the emerging government will assume the responsibilities of the State in accordance with democratic standards. Therefore, in the ongoing processes of nation-building, it is urged that the people fully participate, exercising their freedom and justice in accordance with laws and regulations, to ensure the full implementation of a genuine, well-disciplined multi-party democratic system.

Since State peace and stability and the rule of law are crucial for the country's development and nation-building endeavours, it is earnestly urged that all ethnic peoples, including the Chin ethnic community, work hand in hand with the State government to implement the ceasefire of armed conflicts. On this 78th Anniversary of Chin National Day, with prayers for continued success, it is hoped that the Chin people, grounded in the longstanding spirit of Union unity and love for their heritage, will continue to serve the interests of Chin State as well as those of the Union as a whole.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President, the Republic of the Union of Myanmar**
**Chairman, the State Security and Peace Commission**

# Kyaunggon Township dispatches large volume of tender areca nuts to Yangon market within one month

KYAUNGGON February 19

Local merchants from Kyaunggon Township of Ayeyawady Region sold a large volume of tender areca nuts to Yangon market within one month, said Daw Kyi Htay, the owner of areca nut trading depot in Kyaunggon Township.

Areca nuts from Kyaunggon Township were able to be exported and sold to the Yangon market at a price of up to Ks-50,000 per viss. It is reported that the strong demand for areca nuts in the domestic market is the reason for this increased export volume.

"A large quantity of areca nuts from Kyaunggon Township was exported and sold to the Yangon market. Because there was strong demand for areca nuts, we had to export a large volume to Yangon. Currently, the price for one viss of areca nuts has reached Ks-15,500. Since areca nuts are actively being traded now, those engaged in areca nut cultivation are able to run their businesses smoothly," said Daw Kyi Htay.



Traders purchase areca nuts directly from plantations in Kyaunggon Township, carefully sort and pack them, and then transport them to Yangon for sale. From Yangon, they are also exported to overseas markets. Previously, there were only two types of areca nut markets—green and dried—but now, areca nuts are being actively traded even before reaching full maturity, without needing to wait until the peak season.

**SK**

# More than 2,000 acres of croplands placed under black gram plants

WETLET February 19

Local farmers grew 2,785 acres of black gram as cold season crops in Wetlet Township of Sagain Region this year, according to the statistics of the Township Agriculture Department.

During the 2025-2026 winter crop cultivation season, Wetlet Township has set a target of cultivating 2,794 acres of black gram. Planting began in October 2025, and as of today, 2,785 acres have been successfully cultivated, according to reports.

"This winter crop season, Wetlet Township planned to cultivate 2,794 acres of black gram, and planting has been completed on 2,785 acres. We are continuing efforts to meet the full target acreage. During the cultivation period, we are also conducting field-level activities to provide necessary technologies, quality seeds, and pest and disease prevention methods," said Daw Kyin San, Township Head of the Department of Agriculture in Wetlet Township.

In Wetlet Township, the Township Department of Agriculture is providing awareness and guidance to black gram farmers on access to regionally suitable high-quality and pure seed varieties, correct cultivation practices, effective pest management, systematic use of fertilizers, and measures to achieve good yields.

During the current winter cropping season, in cultivating various pulse crops, the relevant township Departments of Agriculture are working in cooperation with farmers to ensure good yields and quality of pulse crops by providing quality seed varieties, agricultural inputs, and post-harvest technologies.

**SMK**

# Farmers plant vegetable plants on extended sown acreage in Homalin District

HOMALIN February 19

Local farmers expanded cultivation of vegetable crops to exceed the target cultivation in Homalin District of Sagaing Region, according to the District Agriculture Department.

During the 2025-2026 winter cropping season, Homalin District plans to cultivate 2,950 acres of vegetable crops. Planting began in October 2025, and as of today, 2,895 acres have been planted in Homalin Township and 125 acres in Mobailuk Town, bringing the total cultivated area to 3,020 acres, according to reports.

"During this year's winter cropping season in Homalin District, 2,950 acres of vegetable crops were originally targeted for cultivation, but as of today 3,020 acres have already been planted. The crops include mustard greens, chilli, culinary herbs, potatoes, cabbage, eggplant and cauliflower. Farmers are being provided with technical guidance so that all vegetables can be cultivated in line with GAP standards. We are also giving farmers technical support to ensure that vegetables are grown in a health-compliant manner with minimal chemical residues," said Daw Su Su Htway, District Head of the Homalin District Department of Agriculture.

For the 2025-2026 winter cropping season, the township-wise cultivation targets for vegetable crops in Homalin District are 2,850 acres in Homalin Township and 100 acres in Mobailuk Town, totalling 2,950 acres, it is reported.

This year, the relevant township Departments of Agriculture in Homalin District are providing vegetable farmers with technical training on GAP-based cultivation methods, guidance to ensure that vegetables produced from farms are safe and suitable for consumption, and support to encourage the expansion of vegetable cultivation.

In Homalin District, a wide variety of seasonal vegetables are cultivated annually. These crops are reported to be growing successfully and contributing to household incomes. Township Departments of Agriculture are also raising awareness among vegetable farmers on correct cultivation practices, pest prevention, and the preparation and use of organic fertilizers, natural pesticides and repellents.

**SK**

# Russia considers new restrictions against Cuba unacceptable - Putin



MOSCOW February 19

Russia considers new restrictions against Cuba unacceptable, Russian President Vladimir Putin said on Wednesday.

"We are in a special period now, with new sanctions. You know how we feel about this. We will not accept anything like that," Putin said during a meeting with Cuban Foreign Minister Bruno Rodriguez Parrilla.

Relations between Russia and Cuba are developing in positive direction, Putin added.

Cuba is grateful to Russia's leadership for its solidarity amid the tightening blockade and energy siege against the island, Foreign Minister Bruno Rodriguez Parrilla said.

"I would especially like to thank you [Russian President Vladimir Putin] and the Russian government, including the Foreign Minister [Sergey Lavrov], for the Russian solidarity expressed in the face of the tightening blockade against Cuba and the energy siege, which is causing suffering for our people and creating very difficult conditions for our economy," the minister said during a meeting with Putin. **Sputnik**

# At least 5 killed, 32 injured in bus accident in South Africa's Limpopo

JOHANNESBURG February 19

Five people were killed and 32 others injured after a passenger bus lost control on the N1 highway and plunged into a roadside ditch near Makhado in South Africa's Limpopo Province early Thurs-day morning, local authorities said.

Limpopo's Transport and Community Safety Department said in a statement that the accident occurred at around 2:50 a.m. local time (0050 GMT).

The victims included the male driver, one female passenger, and three male passengers. Among the injured, four sustained serious injuries, 10 were critically hurt, and 18 suffered minor injuries. All injured passengers were transported to nearby medical facilities for treatment, the department said.

Preliminary investigations indicate that the driver may have lost control of the vehicle, and a further probe to determine the exact cause of the crash is underway, said the department.

According to local media reports, the bus was traveling from Gauteng Province to Zimbabwe.

South Africa has in recent months recorded a series of deadly bus crashes. On October 12, 2025, an overloaded passenger bus traveling from Eastern Cape Province to a neighboring country overturned in Limpopo Province, killing 43 people, including seven children.

Authorities blame the recent road accidents on driver fatigue, speeding, drunk driving, unsafe pedestrian conduct, and poor vehicle conditions. **Xinhua**

# Bill Gates cancels AI Summit keynote amid Epstein allegations - Reports

MOSCOW February 19

US billionaire and Microsoft founder Bill Gates has canceled his keynote speech at an artificial intelligence summit in India amid allegations of ties to infamous late financier Jeffrey Epstein, CNN reported on Thursday, citing a statement from the Gates' foundation.

"After careful consideration, and to ensure the focus remains on the AI Summit's key priorities, Mr. Gates will not be delivering his keynote address," the Gates Foundation was quoted as saying by CNN just hours before the billionaire was due to speak.

The release of the final archive of materials related to the Epstein case on January 30 shed new light on details of the Microsoft founder's relationship with the late financier. According to documents published by the US Department of Justice, private correspondence contained information about Gates' attempts to conceal intimate relationships with certain women, as well as data on his secret use of medical treatments for the consequences of these contacts.

**Sputnik**

# 2 killed, 2 missing in boat capsize in central Vietnam

HANOI February 19

Two people were killed and two others remain missing after a boat capsized on the Gianh River in Vietnam's central province of Quang Tri on Thursday, Vietnam News Agency reported.

The accident occurred at around noon while the boat, carrying seven family members, was traveling on the river.

The two victims were identified as a 68-year-old woman and a three-year-old child.

A 68-year-old man and a 14-year-old girl remain missing.

Local authorities said search and rescue operations are ongoing, but deep water has hampered efforts.

**Xinhua**

# Iran, Russia hold joint naval drill in Gulf of Oman, Indian Ocean



TEHRAN February 19

The naval forces of Iran and Russia on Thursday held a joint drill in the Gulf of Oman and the northern Indian Ocean, successfully carrying out a series of operations.

During the exercise, the special operation teams of the navies of Iran's army, Islamic Revolution Guards Corps (IRGC), and Russia successfully carried out an operation to liberate a hijacked ship, according to a report published on the Iranian army's website.

The vessels and aerial units of the two countries also took part in the operation, which involved aerial reconnaissance, surface operations and the capture of pirates, the report said.

It added that this stage of the exercise featured the participation of Iran's Alvand destroyer, missile-launching warships, helicopters, landing craft, special operation teams, and combat speed-boats and vessels, among others.

They enacted different arrangement scenarios and implemented offensive formations to improve tactical coordination, increase joint command and control capabilities, and practice rapid response in operational conditions, the report said.

It added that at this stage, the involved units practiced various deployment methods and combined maneuvers.

Hassan Maqsoudlou, the drill's spokesman, said the drill aims to improve maritime security, expand cooperation between the two countries' navies, and improve coordination in joint operations, the semi-official Mehr news agency reported Wednesday.

The joint drill was launched following a drill by the IRGC in the Strait of Hormuz, which involved a temporary closure of the strategic waterway on Tuesday, and amid heightened tensions between Iran and the United States as well as a U.S. military buildup in the region. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 44 Passive 3

### A **I was offered** … / **we were given** … etc.



Some verbs can have two objects. For example, **give**:

- My grandfather gave **me** **this watch**. (*object 1* = me, *object 2* = this watch)

It is possible to make two passive sentences:

- **I was given** this watch (by my grandfather). or
  **This watch was given** to me (by my grandfather).

Other verbs which can have two objects are:

**ask** **offer** **pay** **show** **tell**

When we use these verbs in the passive, most often we begin with the person:

- **I've been offered** the job, but I don't think I want it. (= somebody has offered me the job)
- **You will be given** plenty of time to decide. (= we will give you plenty of time)
- I didn't see the original document, but **I was shown** a copy. (= somebody showed me a copy)
- Tim has an easy job – **he's paid a lot of money** to do very little. (= somebody pays him a lot)

### B **I don't like being** …

The passive of **doing/seeing** etc. is **being done** / **being seen** etc. Compare:

active: I don't like **people telling me** what to do.
passive: I don't like **being told** what to do.

- I remember **being taken** to the zoo when I was a child.
  (= I remember **somebody taking** me to the zoo)
- Steve hates **being kept** waiting. (= he hates **people keeping** him waiting)
- We climbed over the wall without **being seen**. (= without **anybody seeing** us)

### C **I was born** …

We say '**I was** born …' (not I am born):

- I was born in Chicago. — past
- Where **were** you **born**? (not Where are you born?) — past

but

- How many babies **are born** every day? — present

### D **get**

You can use **get** for the passive:

- There was a fight, but nobody **got hurt**. (= nobody **was** hurt)
- I don't **get invited** to many parties. (= **I'm** not invited)
- I'm surprised Liz **didn't get offered** the job. (= Liz **wasn't offered** the job)

We use **get** only when things happen. For example, you cannot use **get** in these sentences:

- Jessica **is liked** by everybody. (not gets liked – this is not a 'happening')
- Peter was a mystery man. Very little **was known** about him. (not got known)

We use **get** mainly in informal spoken English. You can use **be** in all situations.

We also use **get** in the following expressions (which are not passive in meaning):

**get married, get divorced** — **get dressed** (= put on your clothes)
**get lost** (= not know where you are) — **get changed** (= change your clothes)

Passive 1-2 —Units 42-43

**Raymond Murphy**

# တီဘီရောဂါကို အသက်ရှူလမ်းကြောင်းကနေ ကုသနိုင်မယ့်ပုံစံအသစ် ပေါ်ထွက်လာ



တီဘီရောဂါကိုကုသတဲ့အခါ လပေါင်းများစွာ နေ့စဉ်သောက်ရတဲ့ဆေးပြားတွေအစား အဆုတ်ထဲမှာ ဆေးအာနိသင်ကြာရှည်အောင်ထိန်းထားပေးနိုင်မယ့် အသက်ရှူလမ်းကြောင်းကနေကုသနိုင်တဲ့ နာနိုအမှုန်ကုသမှုပုံစံအသစ်တစ်ခုကို သုတေသီတွေကတီထွင်လိုက်ပါတယ်။

ဘာဖလိုတက္ကသိုလ်မှ သိပ္ပံပညာရှင်တွေက ဒီကုထုံးသစ်နဲ့ပတ်သက်တဲ့ သုတေသနရလဒ်တွေကို Antimicrobial Agents and Chemotherapy ဂျာနယ်မှာ ဖော်ပြခဲ့တာပါ။ ဒီနည်းလမ်းဟာ တီဘီရောဂါကုသရာမှာ အရေးပါတဲ့ Rifampin ဆေးကို အဆုတ်ထဲတိုက်ရိုက်ရောက်စေဖို့ နာနိုအမှုန်စနစ်ကို အသုံးပြုထားတာဖြစ်ပါတယ်။

တီဘီရောဂါဟာ ကုသလို့ရပေမယ့် ကမ္ဘာမှာ အသေအပျောက်အများဆုံးရောဂါတစ်ခုအဖြစ်ရှိနေဆဲဖြစ်ပြီး ကုသမှုကာလကြာမြင့်တာနဲ့ ဘေးထွက်ဆိုးကျိုးတွေကြောင့် လူနာတွေဟာ ဆေးကိုအဆုံးထိမသောက်နိုင်ကြဘဲ ဆေးယဉ်ပါးတီဘီတွေဖြစ်လာတတ်တယ်လို့ တွဲဖက်ပါမောက္ခ ဂျက်ဆီကာအယ်ရီနီးက ပြောပါတယ်။

Rifampin ဆေးကို ပါးစပ်ကနေသောက်တာက အသည်းထိခိုက်စေသလို အဆုတ်ထဲကိုလည်း ဆေးအနည်းငယ်ပဲရောက်နိုင်ပါတယ်။ အခုနည်းလမ်းကတော့ ဒီနာနိုအမှုန်တွေကို တီဘီပိုးတွေပုန်းအောင်းနေတဲ့ အဆုတ်ထဲထိတိုက်ရိုက်ရောက်အောင် ဖန်တီးထားတာကြောင့် ဆေးအာနိသင်ကို ကြာရှည်စေပါတယ်။ **Ref:STD**

**ကိုထက်**

# ရေနံနဲ့သင်္ဘောလိုင်းတွေကိုကာကွယ်ရေးအတွက် အမေရိကန်ရဲ့ နည်းပညာမြင့်သံမဏိတံတိုင်း



အမေရိကန် ကာကွယ်ရေးကုမ္ပဏီနှစ်ခုဖြစ်တဲ့ Janus Marine & Defense နဲ့ Raven Defense တို့က အမေရိကန်ပင်လယ်ကွေ့အတွင်း ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ ကူးသန်းရောင်းဝယ်ရေးသင်္ဘောလုပ်ငန်းတွေကို ကာကွယ်ဖို့ နည်းပညာမြင့်သံမဏိတံတိုင်းတစ်ခုကို ပူးပေါင်းတည်ဆောက်နေပါတယ်။ ဒီစီမံကိန်းဟာ အမေရိကန်ရေတပ်ရဲ့ တာဝန်တွေကိုလျှော့ချပေးနိုင်ဖို့နဲ့ ကာရေဘီယံဒေသနဲ့ အမေရိကန်ပင်လယ်ကွေ့တစ်လျှောက်မှာ လုံခြုံရေးအားကောင်းလာစေဖို့ ရည်ရွယ်တာပါ။

သံမဏိတံတိုင်းထဲမှာ အလိုအလျောက်ကင်းလှည့်စနစ်၊ ထောက်လှမ်းရေးစနစ်နဲ့ အဝေးထိန်း စစ်ဆင်ရေးစင်တာတွေပါဝင်ပြီး ပင်လယ်ပြင်စွမ်းအင်လုပ်ငန်းတွေမှာ ကြုံတွေ့နေရတဲ့ ခြိမ်းခြောက်မှုတွေကို ကာကွယ်ဖို့ အထူးပုံဖော်ထားတာပါ။ ဒီစနစ်က လူမဲ့ရေယာဉ်တွေ၊ ဒရုန်းတွေ၊ အဆင့်မြင့်အချက်ပြထောက်လှမ်းမှု နည်းပညာတွေနဲ့ဆိုက်ဘာလုံခြုံရေးအစီအမံတွေကို အဓိကအသုံးပြုသွားမှာဖြစ်ပါတယ်။

အလိုအလျောက်စနစ်ကို အဝေးထိန်းစနစ်နဲ့ပေါင်းစပ်လိုက်တာကြောင့် အခြေအနေတွေကို ၂၄ နာရီပတ်လုံးအမြဲမပြတ်စောင့်ကြည့်နိုင်မှာဖြစ်သလို အရေးပေါ်ကိစ္စတွေကြုံလာတဲ့အခါမှာလည်း မြန်မြန်ဆန်ဆန်တုံ့ပြန်နိုင်မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# တရုတ်နိုင်ငံက ကမ္ဘာ့ပထမဆုံး မြေပြင်အခြေစိုက် အသံနှုန်းလွန်ဒုံးကျည်ဖြင့်ဦးဆောင်နေကြောင်း ကြေညာ




တရုတ်နိုင်ငံဟာ scramjet အင်ဂျင်သုံး ကုန်းမြေအခြေစိုက် အသံနှုန်းလွန်ဒုံးကျည်စနစ်ကို လက်တွေ့အသုံးချနိုင်တဲ့နေရာမှာ အမေရိကန်ကိုကျော်တက်သွားပြီလို့ နိုင်ငံပိုင်မီဒီယာတွေကဖော်ပြပါတယ်။ တရုတ်ရဲ့ CJ–1000 ဒုံးကျည်ဟာ ကမ္ဘာ့ပထမဆုံးနဲ့ လက်ရှိမှာတစ်ခုတည်းသော ကုန်းမြေအခြေစိုက် scramjet အသံနှုန်းလွန်ဒုံးကျည်အမျိုးအစားဖြစ်ပါတယ်။ ဒီဒုံးကျည်ကို ပြီးခဲ့တဲ့နှစ် စက်တင်ဘာလ စစ်ရေးပြပွဲမှာ သင်္ဘောတင် YJ–19 ဒုံးကျည်နဲ့အတူ ပြသခဲ့တာပါ။

CJ–1000 ဟာ အမြင့်ပေ ၂၀ ကီလိုမီတာမှ ၃၀ ကီလိုမီတာကြားမှာ ပျံသန်းနိုင်လို့ သူ့ကိုထောက်လှမ်းဖို့ အလွန်ခက်ခဲပါတယ်။ scramjet အင်ဂျင်နည်းပညာဟာ တခြားအသံနှုန်းလွန်စနစ်တွေထက် ပိုမိုစွမ်းအားကြီးပေမယ့် တည်ဆောက်ဖို့ပိုခက်ခဲတာပါ။ အမေရိကန်က ၂၀၁၃ ခုနှစ်ကတည်းက ဒီနည်းပညာကိုစတင်စမ်းသပ်ပေမယ့်စီမံကိန်းရေးဆွဲမှုအားနည်းတာကြောင့် တရုတ်ရဲ့နောက်မှာကျန်ရစ်ခဲ့တာလို့ ဆိုပါတယ်။ တရုတ်နိုင်ငံကကျတော့ နိုင်ငံတော်အဆင့်ထောက်ပံ့မှုနဲ့ သိပ္ပံနည်းကျစမ်းသပ်မှုတွေ ပိုမိုလုပ်ဆောင်နိုင်တာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**


# အာထရာမာရသွန်ပြေးခြင်းက သွေးနီဥတွေကို ထိခိုက်စေနိုင်

အာထရာမာရသွန်ပြိုင်ပွဲတွေမှာ အလွန်ဝေးလံတဲ့ခရီးကိုပြေးတာက ခန္ဓာကိုယ်ရဲ့ သွေးနီဥတွေကို ထိခိုက်မှုတွေရှိနိုင်တယ်လို့ Blood Red Cells & Iron ဂျာနယ်မှာဖော်ပြထားတဲ့သုတေသနအသစ်တစ်ခုက ဆိုပါတယ်။ အပြင်းအထန်ပြေးတာဟာ သွေးနီဥကလာပ်စည်းကိုပျက်စီးစေပြီး အောက်ဆီဂျင်ပို့ဆောင်နိုင်စွမ်းကို အနှောင့်အယှက်ဖြစ်စေတာပါ။

အရင်တုန်းကလည်း အာထရာမာရသွန်အပြေးသမားတွေမှာ သွေးနီဥတွေပျက်စီးပြီး သွေးအားနည်းရောဂါ ဖြစ်နိုင်ခြေရှိတယ်လို့ တွေ့ဖူးပေမယ့် အခုလေ့လာမှုမှာတော့ သွေးနီဥတွေဟာ ပျော့ပျောင်းမှု လျော့နည်းသွားပြီး သွေးကြောငယ်လေးတွေထဲ ဖြတ်သန်းဖို့ခက်ခဲသွားတာကို အသေးစိတ်ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။

ကော်လိုရာဒိုတက္ကသိုလ်မှ ပါမောက္ခ ထရဲဗစ်နမ်ကောက အခုလိုအပြင်းအထန်လေ့ကျင့်တာဟာ ခန္ဓာကိုယ်မှာရောင်ရမ်းမှုတွေဖြစ်စေပြီး ခန္ဓာကိုယ်မှာအများဆုံးရှိတဲ့သွေးနီဥကလာပ်စည်းတွေကို ပျက်စီးစေတာလို့ရှင်းပြပါတယ်။ သုတေသီတွေဟာ ၄၀ ကီလိုမီတာနဲ့ ၁၇၁ ကီလိုမီတာ ပြေးရတဲ့အပြေးသမား ၂၃ ဦးရဲ့ သွေးနမူနာကို စစ်ဆေးခဲ့တာပါ။ ရလဒ်တွေအရ ပြေးနေစဉ်အတွင်း သွေးဖိအားအပြောင်းအလဲဖြစ်တာနဲ့ ခန္ဓာကိုယ်မှာ အောက်ဆီဂျင်ဓာတ်တိုးမှုကြောင့်ဖြစ်လာတဲ့ဖိစီးမှုတွေက သွေးနီဥတွေကို ထိခိုက်စေတယ်ဆိုတာ တွေ့ရှိခဲ့ရပါတယ်။ **Ref: STD**

**ကိုထက်**



# ကနေဒါရဲ့ ဆီလီကွန်ဒရုန်းဘက်ထရီက ပျံသန်းချိန်ကို နှစ်ဆမြှင့်တင်ပေးနိုင်




ကနေဒါနိုင်ငံအခြေစိုက် ဘက်ထရီကုန်ကြမ်းထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုက သူတို့ရဲ့ ဆီလီကွန်အသုံးပြုနည်းပညာသစ်နဲ့ ဒရုန်းတွေရဲ့ပျံသန်းချိန်ကို နှစ်ဆနီးပါးမြှင့်တင်နိုင်ကြောင်း လက်တွေ့စမ်းသပ်ပြသလိုက်ပါတယ်။ ဒါဟာ ဒရုန်းဘက်ထရီဈေးကွက်ကိုစိုးမိုးထားတဲ့ တရုတ်နိုင်ငံအတွက် စိန်ခေါ်မှုတစ်ခုဖြစ်လာပါတယ်။

ဗန်ကူဗာမြို့အခြေစိုက် NEO Battery Materials ကုမ္ပဏီရဲ့ NBM ဒရုန်းဘက်ထရီဟာ လက်ရှိမှာအများဆုံးသုံးနေတဲ့ တရုတ်နိုင်ငံထုတ်ဘက်ထရီတွေထက် ပျံသန်းချိန် ၉၈ ရာခိုင်နှုန်း ပိုမိုကြာရှည်တာကို တွေ့ရှိခဲ့ရတာပါ။ ကိုရီးယားကုမ္ပဏီတစ်ခုကထုတ်တဲ့ ကင်းထောက်ဒရုန်းနဲ့စမ်းသပ်ရာမှာ အရင်က ၂၉ မိနစ်ပဲပျံသန်းနိုင်တဲ့ဒရုန်းဟာ အခုဘက်ထရီအသစ်နဲ့ဆိုရင် ၅၉ မိနစ်အထိ ပျံသန်းနိုင်ခဲ့ပါတယ်။

ဒီစမ်းသပ်မှုကို အေးခဲတဲ့ရာသီဥတုမှာ ပြုလုပ်ခဲ့တာဖြစ်ပြီး ရလဒ်က မျှော်မှန်းထားတာထက်တောင် ပိုကောင်းနေပါတယ်။ ဒီလိုစွမ်းဆောင်ရည် တိုးတက်လာတာဟာ ဘက်ထရီမှာ ဆီလီကွန်အနုတ်ငုတ်အသုံးပြုထားလို့ဖြစ်ပြီး စွမ်းအင်သိပ်သည်းဆနဲ့ အားသွင်းနှုန်းကိုပါ ၅၀ ရာခိုင်နှုန်းပိုမြန်စေပါတယ်။ အခုပုံစံက စက်မှုလုပ်ငန်းနဲ့ ကာကွယ်ရေးစတဲ့ကဏ္ဍတို့အတွက် အလွန်အသုံးဝင်လာမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# အိုမန်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းတွင် အီရန်နှင့် ရုရှားတို့ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်



**တီဟီရန်၊ စစ်ရေး**

အီရန်နှင့် ရုရှားရေတပ်တို့သည် အိုမန်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းတို့တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုကို ဖေဖော်ဝါရီလ ၁၉ ရက်တွင် အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း သိရသည်။

အီရန်တပ်မတော် အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့နှင့် ရုရှားရေတပ်မှ အထူးစစ်ဆင်ရေးအဖွဲ့များသည်ပြန်ပေးဆွဲခံထားရသောသင်္ဘောတစ်စင်းအား ကယ်တင်သည့်စစ်ဆင်ရေးကို အောင်မြင်စွာလုပ်ဆောင်ကြောင်း အီရန်တပ်မတော်၏ဝက်ဆိုက်တွင်ဖော်ပြထားသည်။ အဆိုပါစစ်ဆင်ရေးတွင် နှစ်နိုင်ငံမှ စစ်ရေယာဉ်များနှင့် လေကြောင်းဆိုင်ရာတပ်ဖွဲ့များပါဝင်ပြီး ဝေဟင်ကင်းထောက်ခြင်း၊ ရေပြင်စစ်ဆင်ရေးများနှင့် ပင်လယ်ဓားပြဖမ်းဆီးခြင်းများလုပ်ဆောင်သည်။

လေ့ကျင့်မှုတွင် အီရန်နိုင်ငံ၏ Alvand ဖျက်သင်္ဘော၊ ဒုံးကျည်တင်သင်္ဘောများ၊ ရဟတ်ယာဉ်များ၊ ကမ်းတက်ရေယာဉ်များ၊ အမြန်သွားတိုက်ခိုက်ရေးလှေများ ပါဝင်သည်။ စစ်ဆင်ရေးအတွင်း နည်းဗျူဟာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ကွပ်ကဲမှုစွမ်းရည်မြှင့်တင်ရန် ထိုးစစ်ဆင်မှုပုံစံမျိုးစုံကိုလေ့ကျင့်ခြင်းဖြစ်သည်။

ယခုလေ့ကျင့်မှုက ပင်လယ်ရေကြောင်းလုံခြုံရေးတိုးမြှင့်ရန်၊ နှစ်နိုင်ငံရေတပ်ကြားပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ရည်ရွယ်ကြောင်း စစ်ရေးလေ့ကျင့်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုက ဟော်မုရေလက်ကြားတွင် IRGC ၏ စစ်ရေးလေ့ကျင့်မှုအပြီး အီရန်-အမေရိကန် တင်းမာမှုမြင့်တက်နေချိန် ပေါ်ပေါက်လာခြင်းဖြစ်သည်။ **Ref: Xinhua**

# အစ္စရေး၏ လုပ်ဆောင်ချက်များက လူမျိုးသုဉ်းသတ်ဖြတ်မှု ဖြစ်လာနိုင်ဖွယ်ရှိဟု ကုလသမဂ္ဂ သတိပေး

**ဂျီနီဗာ၊ နိုင်ငံတကာရေးရာ**

အစ္စရေး၏တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာခြင်းနှင့် ပါလက်စတိုင်းဒေသခံများကို အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်းများသည် ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းတို့တွင် လူမျိုးသုဉ်းသတ်ဖြတ်မှုဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂ၏ ဖေဖော်ဝါရီလ ၁၉ ရက်အစီရင်ခံစာတွင်ဖော်ပြထားသည်။ အစ္စရေး၏ စစ်ရေးအရဆောင်ရွက်မှုများနှင့် ပိတ်ဆို့မှုများကြောင့် သက်ရောက်လာသည့် အကျိုးဆက်များသည် ဂါဇာရှိ ပါလက်စတိုင်းလူမျိုးစုများ ဆက်လက်ရှင်သန်နေထိုင်နိုင်ရေးအတွက် ပိုမိုခက်ခဲသောအခြေအနေများကို ဖြစ်ပေါ်စေခဲ့ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးရုံးက ပြောသည်။

အရှိန်မြှင့်တင်လာသော တိုက်ခိုက်မှုများ၊ လူနေရပ်ကွက်တစ်ခုလုံးကို ဖျက်ဆီးမှုများနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ငြင်းပယ်ခြင်းတို့သည် ဂါဇာတွင် အမြဲတမ်းလူဦးရေပြောင်းလဲမှုဖြစ်စေရန် ရည်ရွယ်ထားပုံပေါ်ကြောင်း ထိုရုံး၏အစီရင်ခံစာတွင် ဖော်ပြထားသည်။ **Ref: BP**

# ပါကစ္စတန်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး အဆောက်အအုံ ပြိုကျမှုကြောင့် လူ ၁၆ ဦး သေဆုံး

**ကရာချိ၊ မတော်တဆမှု**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းမြို့ကြီးဖြစ်သောကရာချိမြို့၌ ဖေဖော်ဝါရီလ ၁၉ ရက်တွင်ဖြစ်ပွားသောပေါက်ကွဲမှုတစ်ခုကြောင့် အဆောက်အအုံပြိုကျရာ ကလေးငယ်များအပါအဝင် အနည်းဆုံးလူ ၁၆ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောသည်။

ကရာချိမြို့ရှိ Soldier Bazaar ရပ်ကွက်၌ နံနက် ၄ နာရီခန့်တွင် ယင်းဖြစ်ရပ်ကြီးဖြစ်ပွားခြင်းဖြစ်ပြီး ထိုအချိန်တွင် အစ္စလာမ်ဘာသာဝင်မိသားစုများ ရာမဒါန်ဥပုသ်လအတွက် အရုဏ်မတက်မီ စားသည့်အစားအစာပြင်ဆင်နေခြင်းဖြစ်သည်။

သုံးထပ်တိုက် အဆောက်အအုံသည် အကြောင်းရင်းမသိရသေးသည့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီးနောက် ပြိုကျသွားခြင်းဖြစ်ကြောင်းနှင့် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင်လူ ၁၆ ဦးသေဆုံးကာ ၁၃ ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ကယ်ဆယ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူဟတ်ဆန်ခန်ကပြောသည်။ **Ref: ST**

# ဗီယက်နမ်အလယ်ပိုင်း၌ စက်လှေမှောက်မှုကြောင့် လူနှစ်ဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံး

**ဟနွိုင်း၊ မတော်တဆမှု**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကွမ်တရီပြည်နယ်ရှိ ဂျီအန်မြစ်အတွင်းဖေဖော်ဝါရီလ ၁၉ ရက်တွင် စက်လှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားရာ လူနှစ်ဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

ထိုမတော်တဆမှုသည် မိသားစုဝင်ခုနစ်ဦးကို တင်ဆောင်လာသည့် စက်လှေတစ်စင်း မြစ်အတွင်းသွားလာနေစဉ် မွန်းတည့်ချိန်ခန့်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ သေဆုံးသူများမှာ အမျိုးသမီးကြီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ဖြစ်သည်။ ထို့ပြင် အမျိုးသားတစ်ဦးနှင့် မိန်းကလေးငယ်တစ်ဦးတို့မှာမူ လက်ရှိအချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်သည်။

ဒေသခံတာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေသော်လည်း ရေရက်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အခက်အခဲရှိနေကြောင်း ပြောထားသည်ဟုသိရသည်။ **Ref: Xinhua**

# အီရန်အနေဖြင့် သဘောတူညီချက်ရယူခြင်းက ပညာရှိရာရောက်မည်ဟု ဒေါ်နယ်ထရမ့်ပြော



**ဝါရှင်တန်၊ နိုင်ငံရေး**

အီရန်နိုင်ငံအနေဖြင့် သဘောတူညီချက်တစ်ရပ်ရယူခြင်းက ပညာရှိရာရောက်မည်ဖြစ်ကြောင်းနှင့် သို့မဟုတ်ပါက စစ်ရေးအရ အရေးယူခံရမည်ကိုသိသင့်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ထပ်မံသတိပေးလိုက်သည်။

ဇန်နဝါရီလအတွင်း ဆန္ဒပြသူများကို အီရန်က အပြင်းအထန် နှိမ်နင်းခဲ့မှုအပေါ် ထရမ့်ကစစ်ရေးအရအရေးယူသွားမည်ဟု အကြိမ်ကြိမ်ခြိမ်းခြောက်ပြီးနောက် အိုမန်နိုင်ငံ၏ကြားဝင်စေ့စပ်မှုဖြင့် နှစ်နိုင်ငံကြားသွယ်ဝိုက်သောနည်းဖြင့် ဆွေးနွေးမှုများ ပြန်လည်စတင်နေခြင်းဖြစ်သည်။

ယခင်ဆွေးနွေးရန် ကြိုးပမ်းမှုများသည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း အစ္စရေးက အီရန်အပေါ် ရုတ်တရက်တိုက်ခိုက်ခဲ့မှုကြောင့် ပျက်ပြားရပြီး ၁၂ ရက်ကြာ ဖြစ်ပွားသောထိုစစ်ပွဲတွင် အမေရိကန်က အီရန်နျူကလီးယားစခန်းများကို ဗုံးကြဲတိုက်ခိုက်မှုလုပ်ဆောင်သည်။

အရှေ့အလယ်ပိုင်းတွင် အမေရိကန်တပ်မတော်က အင်အားဖြည့်တင်းမှုများပြုလုပ်နေစဉ်အတွင်း အီရန်ကိုတိုက်ခိုက်နိုင်ခြေရှိကြောင်း ထရမ့်က ဖေဖော်ဝါရီလ ၁၈ ရက်တွင် လူမှုကွန်ရက်၌ရေးထားသည်။ အမေရိကန် တပ်မတော်သည်ယခုသီတင်းပတ်အကုန်တွင် အီရန်ကိုစတင်တိုက်ခိုက်ရန် အသင့်ဖြစ်နေပြီဖြစ်သော်လည်း ထရမ့်က ဆုံးဖြတ်ချက်မချရသေးကြောင်း သတင်းဌာနများက ဖော်ပြထားသည်။ **Ref: ST**

# တောင်ကိုရီးယားသမ္မတဟောင်း ယွန်းဆက်ယိုကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်

**ဆိုး၊ တရားရေး**

တောင်ကိုရီးယားသမ္မတဟောင်း ယွန်းဆက်ယိုကို အရေးပေါ်စစ်အုပ်ချုပ်ရေးကြေညာမှုမှ မြစ်ဖျားခံသည့် ပုန်ကန်မှုစွဲချက်များဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်လိုက်ကြောင်း ဖေဖော်ဝါရီလ ၁၉ ရက်တွင် တိုက်ရိုက်ထုတ်လွှင့်မှုများအရ သိရသည်။

ဆိုးဗဟိုတရားရုံးက စီရင်ချက်ချမှတ်ရာတွင် ယွန်းဆက်ယို၏ စစ်အုပ်ချုပ်ရေးအမှု၌ လွှတ်တော်သို့စစ်သည်များစေလွှတ်သည့်အချက်မှာ အဓိကဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ စစ်အုပ်ချုပ်ရေးကြေညာမှုသည် အမျိုးသားလွှတ်တော်၏ လုပ်ပိုင်ခွင့်ကိုထိပါးနှောင့်ယှက်ပါက ပုန်ကန်မှုမြောက်ကြောင်းနှင့် ယွန်းဆက်ယိုသည် လွှတ်တော်၏လုပ်ငန်းများကို အချိန်အတော်ကြာကောင်းမွန်စွာ မလည်ပတ်နိုင်စေရန် ကြိုးပမ်းခဲ့သည်ဟု တရားရုံး၏ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဥပဒေအရ ပုန်ကန်မှုခေါင်းဆောင်အဖြစ်ပြစ်မှုထင်ရှားပါက သေဒဏ် သို့မဟုတ် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်နိုင်သည်။ ယခုအမှုတွင် လွတ်လပ်သောအကြံပေးအဖွဲ့က ယွန်းဆက်ယိုအပေါ် သေဒဏ်ချမှတ်ရန် တောင်းဆိုသော်လည်း တရားရုံးကထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခြင်းဖြစ်သည်။ ယွန်းဆက်ယိုသည် ပုန်ကန်မှုဖြင့် တရားရင်ဆိုင်ရသည့် တတိယမြောက်သမ္မတဟောင်းဖြစ်သည်။ **Ref: Xinhua**



# ကောက်ရိုးကိုအကျိုးရှိစွာသုံးစွဲရေး (အပိုင်း-၂)

မူမူ (မလှိုင်)


**မြေဆီလွှာဖုံးပစ္စည်းအဖြစ် အသုံးပြုခြင်း**

ကောက်ရိုးကိုဆင်ခြေလျှောရှိသော မြေပြင်များတွင် မြေဆီလွှာဖုံးပစ္စည်းအဖြစ်အသုံးပြုပါက မြေဆီလွှာတိုက်စားမှုကို အကာအကွယ်ပေးကြောင်းသိရသည်။ မြေကို ၃၀ ရာခိုင်နှုန်းဖုံးလွှမ်းပေးထားလျှင် မြေတိုက်စားမှု ၈၂ ဒသမ ၀၉ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်။ ၆၀ ရာခိုင်နှုန်းဖုံးလွှမ်းပေးနိုင်လျှင် မြေတိုက်စားမှု ၉၅ ဒသမ ၅၅ ရာခိုင်နှုန်းအထိ လျှော့ချပေးသည်၊ မြေပြင်ကို ၉၀ ရာခိုင်နှုန်းအထိဖုံးလွှမ်းပေးလျှင်၉၈ ဒသမ ၂၁ ရာခိုင်နှုန်းအထိ မြေဆီလွှာတိုက်စားမှုကိုကာကွယ်ပေးနိုင်ကြောင်းသိရသည်။ ထို့ကြောင့် အမျှင်ဓာတ်များစွာပါဝင်သောကောက်ရိုးကို မြေဆီလွှာတိုက်စားမှုများနိုင်သောနေရာများတွင် မြေဖုံးပစ္စည်းအဖြစ်အသုံးပြုနိုင်သည်။ သီးနှံစိုက်ပျိုးချိန်တွင် အသုံးပြုနိုင်သကဲ့သို့ သီးနှံမစိုက်ပျိုးထားသောမြေတွင်လည်း မြေကိုဖုံးထားပေးခြင်းဖြင့် မြေဆီလွှာကို ရေလေတိုက်စားမှုမှ ကာကွယ်နိုင်ပြီး မိုးရေနှင့်စိမ့်စမ်းရေကို ထိန်းထားနိုင်ကာ မြေအစိုဓာတ်ပျောက်ဆုံးမှုကိုလည်း ဟန့်တားနိုင်သည်။ ကောက်ရိုးသည် အပူချိန်နှင့်အစိုဓာတ် သမမျှတနေပါက ရက် ၉၀ အတွင်း ကြေပျက်လွယ်သော အခြေအနေရှိသည့်အတွက် မြေပြင်သို့ မြေဆွေးဓာတ်အဖြစ် ပြန်လည်ရရှိစေနိုင်စွမ်းပေးသည်။

မြေပြင်ကို ၃၀ ရာခိုင်နှုန်းဖုံးအုပ်နိုင်ရန်အတွက် မြေတစ်ဧကလျှင် ကောက်ရိုး ၂ တန်နှုန်းဖုံးပေးခြင်းတွင် ၈၀၀ စတုရန်းပေ မြေတစ်ကွက်အတွက် ၇၅ ပေါင်အလေးချိန်ရှိကောက်ရိုးတစ်ထုံးအသုံးပြုနိုင်သည်။ မြေပြင်ဆင်ခြေလျှောကို ဖုံးလွှမ်းပေးရာတွင် ကောက်ရိုးအထူအပါးသည် ဆင်ခြေလျှောအနိမ့်အမြင့်အပေါ်တွင် များစွာမူတည်သည်။ ယေဘုယျအားဖြင့် ဆင်ခြေလျှောစောက် ၃ လက်မမှ ၄ လက်မ အခြေအနေတွင် မြေပြင်အထက် ၁ လက်မ မှ ၂ လက်မအထူဖုံးထားပေးသင့်ပြီး ဆင်ခြေလျှောစောက် ၆ လက်မအထက် ရှည်လျားလျှင် ကောက်ရိုးဖြင့်သာ ဖုံးလွှမ်းကာကွယ်ခြင်းသည် မပြည့်စုံပေ။ လတ်တလောကာကွယ်ခြင်းအဖြစ် ကောက်ရိုးကို ၄ လက်မမှ ၆ လက်မအထူ ဖုံးထားပေးသင့်သည်။

**ကောက်ရိုးကိုမြေဆွေးပြုလုပ်ခြင်း**

ကောက်ရိုးကို မြေဆွေးပြုလုပ်ရာတွင် နွားချေးနှင့်ရောစပ်ပြုလုပ်ကြသည်။ အကျိုးပြုအဏုဇီဝအီးအမ်ကိုထည့်၍ အသုံးပြုပေးပါက မြေဆွေးဖြစ်မှုလျင်မြန်စေပြီး ရရှိလာသော မြေဆွေးတွင်လည်း အာဟာရဓာတ်ပါဝင်မှုပိုမိုစေကြောင်း တွေ့ရှိရသည်။ အကျိုးပြုအဏုဇီဝအီးအမ် ထည့်၍အသုံးပြုပေးပါက နိုက်ထရိုဂျင် ၁ ဒသမ ၅၂ ရာခိုင်နှုန်း၊ ဖော့စဖောရပ်သုည ဒသမ ၃၄ ရာခိုင်နှုန်းနှင့်ပိုတက်စီယမ် ၁ ဒသမ ၃၆ ရာခိုင်နှုန်းရရှိစေပြီး ရိုးရိုးမြေဆွေးတွင် နိုက်ထရိုဂျင် သုည ဒသမ ၈၂ ရာခိုင်နှုန်း၊ ဖော့စဖောရပ် သုည ဒသမ ၁၈ ရာခိုင်နှုန်းနှင့် ပိုတက်စီယမ် သုည ဒသမ ၉၁ ရာခိုင်နှုန်းပါရှိကြောင်းသိရသည်။ ကောက်ရိုးတွင် ကာဗွန်ပါဝင်မှုမြင့်မားပြီး ကာဗွန်နိုက်ထရိုဂျင်အချိုး (၈၀:၁) ထိရှိသည်။ ဆီလီကာနှင့် လစ်ဂနင်ဓာတ်များစွာပါဝင်သည်။




**ကောက်ရိုးမှိုစိုက်ပျိုးရန်အသုံးပြုခြင်း**

မှိုစိုက်ပျိုးရန်လိုအပ်သောပစ္စည်းများတွင် ခြောက်သွေ့ပြီးမှိုတက်ခြင်းမရှိသော ကောက်ရိုးအသစ်များကိုအသုံးပြုပါ။ မှိုမျိုးကို အရည်အသွေးကောင်းပြီး မှိုမျှင်များပြည့်ဝသော မှိုမျိုးကိုရွေးချယ်ပါ။ အာဟာရဖြည့်စွက်စာအဖြစ် ပဲမှုန့်၊ နှမ်းဖတ်ကြမ်းမှုန့် သို့မဟုတ် နွားချေးတို့ကိုသုံးနိုင်သည်။ ပလတ်စတစ်စကို အစိုဓာတ်ထိန်းရန်အတွက်အသုံးပြုပါ။ ထုံးမှုန့်ကို ရေထဲတွင် ချဉ်ငန်ဓာတ်မျှတစေရန်ထည့်ပါ။ မှိုစိုက်ပျိုးထုပ်အတွက် ရောစပ်စာပြုလုပ်ရာတွင် ကောက်ရိုးနှင့် သစ်ပွလွှစာ ၁၀၀ ရာခိုင်နှုန်း၊ ဆန်ဖွဲနု ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်း၊ ပြောင်းဖွဲ ၃ ရာခိုင်နှုန်း၊ ပဲဖွဲ ၂ ရာခိုင်နှုန်း၊ သကြား/ဂလူးကို့စ် ၁ ရာခိုင်နှုန်း၊ ဆားခါး သုည ဒသမ ၂ ရာခိုင်နှုန်း၊ မဖောက်ထုံး ၁ ရာခိုင်နှုန်း၊ ရေ ၆၅ ရာခိုင်နှုန်းဖြင့် ရောစပ်ပြုလုပ်ရသည်။





**စိုက်ပျိုးနည်းအဆင့်ဆင့်**
**(ကောက်ရိုးပုံသုံးမှိုစိုက်နည်း)**

ကောက်ရိုးများကို ၈၀ စင်တီမီတာမှ ၉၅ စင်တီမီတာ (၃၂ လက်မခန့်)အရှည်ရှိသည့် အစည်းငယ်များပြုလုပ်ပါ။ ကောက်ရိုးအစည်းများကို ရေတွင် ၁၂ နာရီမှ ၁၈ နာရီအထိစိမ်ထားပါ။ ထုံးမှုန့်အနည်းငယ်ထည့်ပေးနိုင်သည်။ ရေစိမ်ထားသောကောက်ရိုးများကို ရေစစ်သွားအောင် ဝါးစင် သို့မဟုတ် မြေကြီးမှ အနည်းငယ်မြင့်သောနေရာတွင်တင်ထားပါ။ စိုက်ပေါင်၏ ပထမအလွှာအတွက် ကောက်ရိုးအစည်းလေးခု သို့မဟုတ် ငါးခုကို ဘေးချင်းကပ်၍စီပေးပါ။ ပထမအလွှာပေါ်တွင် မှိုမျိုးကို နေရာခုနစ်နေရာမှ ရှစ်နေရာခန့်ခွဲထည့်ပေးပါ။ မှိုမျိုးထည့်သောနေရာပေါ်တွင် အာဟာရဖြည့်စွက်စာအနည်းငယ်ဖြူးပေးပါ။ နောက်တစ်လွှာကို ပထမအလွှာနှင့် ထောင့်မှန်ကျအောင် ထပ်၍တင်ပါ။ အလွှာလေးလွှာမှငါးလွှာအထိပြုလုပ်ပြီး မှိုမျိုးနှင့် အာဟာရဖြည့်စွက်စာထည့်ပေးပါ။ စိုက်ပေါင်တစ်ခုလုံးကိုပလတ်စတစ်ဖြင့်အုပ်ထားပြီး အစိုဓာတ် ၈၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းနှင့် အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်ကြားထိန်းသိမ်းထားပါ။ မှိုမျှင်များပွားလာချိန်တွင် အပူချိန်နှင့်အစိုဓာတ်ကို စောင့်ကြည့်ပါ။ မှိုဥငယ်များ စတင်ပေါ်လာသည့်အခါတွင် ပလတ်စတစ်အဖုံးကို ဖယ်ရှားပေးပါ။ မှိုဥများသည် မပွင့်မီ “ဥ” အဆင့်တွင်ရှိနေစဉ် ခူးယူရပါမည်။ ခူးဆွတ်ချိန်တွင် မှိုအားလုံးကို အုံလိုက်ဆွဲခူးရပါမည်။ ပထမအကြိမ် မှိုဥများခူးပြီးနောက် နောက်ထပ်နှစ်ကြိမ်မှ သုံးကြိမ်အထိ ထပ်မံထွက်ရှိနိုင်သည်။ စိုက်ပျိုးသောမှိုမျိုး၏ အရည်အသွေးသည် အထွက်နှုန်းကို အဓိကသက်ရောက်မှုရှိသည်။ မှိုမျိုးကို အေးခဲအောင်မထားရ၊ ၂၅ ဒီဂရီစင်တီဂရိတ်မှ ၃၀ ဒီဂရီစင်တီဂရိတ်ကြား အကောင်းဆုံးဖြစ်သည်။ မှိုစိုက်ပျိုးရာတွင် မှိုမျိုး၊ ကုန်ကြမ်း (ပွားစာ)နှင့် ပတ်ဝန်းကျင်အခြေအနေဟူသော အဓိကအချက်(၃)ချက် အနက် တစ်ခုခုချို့ယွင်းပါက အောင်မြင်မှု မရနိုင်ပါ။

**ဘိုင်အိုချာခေါ် ဇီဝမီးသွေးမြေဩဇာ ထုတ်လုပ်ခြင်းနှင့်အသုံးပြုခြင်း**

ဘိုင်အိုချာသည် ကာဗွန်ဓာတ်ကြွယ်ဝသော ဇီဝမြေဩဇာတစ်ခုဖြစ်သည်။ မြေဆီလွှာကို ထုတ်လုပ်စွမ်းအားတိုးတက်စေသော မြေပြုပြင်ပစ္စည်း၊ ကာဗွန်စုဆောင်းခြင်း၊ မြေတွင်းရေကို စစ်ထုတ်ပေးသော ပစ္စည်း စသည်ဖြင့်ခေါ်ဝေါ်အသုံးပြုကြသည်။ သဘာဝပစ္စည်းများဖြစ်သော သီးနှံအကြွင်းအကျန်၊စွန့်ပစ်ပစ္စည်း၊သစ်ကိုင်း သစ်ခက်များကိုအပူပေး၍ ချေဖျက်ခြင်းဖြင့် ဇီဝအစိုင်အခဲ၊ မီးသွေးခဲအဖြစ်ပုံစံပြောင်း၍ မြေဩဇာအဖြစ်သုံးစွဲကြခြင်းဖြစ်သည်။ အောက်ဆီဂျင်ဖြင့် ဓာတ်တိုးပေးမှုကို ကန့်သတ်ဆောင်ရွက်ခြင်း၊ လေထုတွင်းသို့ ကာဗွန်ဓာတ်ငွေ့များ ပျံ့လွင့်မှုကိုထိန်းချုပ်ကာ အပူချိန် ၅၀၀ ဒီဂရီစင်တီဂရိတ်မှ ၇၀၀ ဒီဂရီစင်တီဂရိတ် ပေး၍လောင်ကျွမ်းစေခြင်းဖြင့် ဘိုင်အိုချာကိုရရှိသည်။

**ကောက်ရိုးမှ ပိုတက်စီယမ်နှင့်ဆီလီကာ ပြန်လည်ရရှိနိုင်ခြင်း**

ကောက်ရိုးတွင်လစ်ဂနင်ဆဲလ်လူးလို့စ်ခေါ် အမျှင်များသောဓာတ်ပစ္စည်းများ ပါဝင်နေပြီး ခွဲခြားကြည့်လျှင် ဆဲလ်လူးလို့စ် ၂၄ ရာခိုင်နှုန်း၊ ဟေမီဆဲလ်လူးလို့စ် ၂၇ ဒသမ ၈ ရာခိုင်နှုန်းနှင့် လစ်ဂနင် ၁၃ ဒသမ ၅ ရာခိုင်နှုန်း၊ပြာ ၁၇ ရာခိုင်နှုန်းတို့ ပါဝင်သည်၊ ၎င်းနှင့်ဆက်စပ်လျက်ဆီလီကာများစွာပါရှိကြောင်းသိရသည်။ ကောက်ရိုးကိုမြေဆွေးပြုလုပ်ပြီး မြေမှာပြန်လည်သုံးစွဲခြင်းကြောင့် ဆီလီကာဓာတ်ကို ပြန်လည်ရရှိနိုင်သည်၊ မြေတွင်း၌မပျော်ဝင်လွယ်သော ပိုတက်စီယမ်နှင့်ဆီလီကာဓာတ်တို့မှာ ကောက်ရိုးတွင်ကြွယ်ဝစွာ ပါဝင်နေပြီး ကောက်ရိုးကိုဖယ်ရှားခြင်းဖြင့် ၎င်းတို့ကို ဆုံးရှုံးသွားစေသည်။ မြေမှာပြန်လည်အသုံးပြုခြင်းဖြင့် ပျော်ဝင်လွယ်သော ပိုတက်စီယမ်ကွန်ပေါင်းနှင့် ဆီလီကိတ်ဓာတ်ပေါင်းများအဖြစ် ပြောင်းလဲစေပြီး အပင်မှပြန်လည်ရရှိစေနိုင်သည်။

**နိုင်ငံတကာနှင့်ဆက်စပ်လုပ်ငန်း ဖော်ဆောင်မှု**


မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနည်းတူ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အကြံပေးအဖွဲ့များနှင့်ပူးပေါင်း၍ ကာဗွန်လျှော့ချရေးဆိုင်ရာအချက်အလက်များပံ့ပိုးပေးခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊အကြံပေးအဖွဲ့တို့နှင့် သက်ဆိုင်သူများ၏ ဆွေးနွေးမှုများကို ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ကာဗွန်လျှော့ချရေးမဟာဗျူဟာတွင် ထည့်သွင်းမည့်အချက်အလက်များဆွေးနွေးနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း စသည်တို့ကိုပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ် ဧပြီလ ၁၇ ရက်တွင် ကျင်းပခဲ့သော "Briefing on carbon neutrality study"၊ ၂၀၂၃ ခုနှစ် ဇွန်လ ၁၉ ရက်တွင်ကျင်းပခဲ့သော "Carbon neutrality plenary meeting"အစည်းအဝေးများကို အွန်လိုင်းဖြင့် တက်ရောက်ခဲ့သည်။ ASEAN Carbon Neutrality Strategy ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် စိုက်ပျိုးသီးနှံအကြွင်းအကျန်များ မီးရှို့မှုလျှော့ချရေး လက်ရှိကြိုးပမ်းအားထုတ်မှုများအနေဖြင့် သီးနှံအကြွင်းအကျန်များကို မီးရှို့မည့်အစားတောင်သူလယ်သမားများအား မြေဆွေးသို့မဟုတ်ဘိုင်အိုချာပြုလုပ်ခြင်းနှင့်သဘာဝမြေဩဇာအဖြစ် အသုံးပြုခြင်းအကြောင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်စေရန်အတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ဘိုင်အိုချာခေါ် ဇီဝမီးသွေးမြေဩဇာထုတ်လုပ်ခြင်း

စာမျက်နှာ ၂၆ သို့ ➲




Recover Si and K from Rice Straw

## ✿ တောင်သူများအနေဖြင့် မိမိစိုက်ခင်းမှထွက်ရှိသော ကောက်ရိုးနှင့်သီးနှံအကြွင်းအကျန်များ၊ စိုက်ခင်းပတ်ဝန်းကျင်မှအလွယ်တကူရယူစုဆောင်းနိုင်သော သစ်ကိုင်းသစ်ခက်လယ်ယာမြေအမှိုက်များကို မြေဆီလွှာအာဟာရ ပြန်လည်ဖြည့်စွမ်းပေးနိုင်သော ရတနာတစ်ခုပမာတန်ဖိုးထား စံစနစ်ကျနစွာ ပြန်လည်အသုံးပြုကြပါလျှင် “ကျေးရွာအမှိုက် လယ်ယာမြေရတနာသိုက်” ဖြစ်လာမှာအမှန်ပင်ဖြစ်. . .

**⊃ စာမျက်နှာ ၂၅ မှအဆက်**

**စိုက်ပျိုးရေးကဏ္ဍမှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ–**

(၁) လယ်ယာစွန့်ပစ်ပစ္စည်းများနှင့် မြေဆွေးပုံများ ဆောင်ရွက်ခြင်း၊

(၂) မြေဆွေးပြုလုပ်ခြင်း သရုပ်ပြလုပ်ရှားမှုများ၊

(၃) မြေဖုံးခြင်း၊ စံပြကွက်စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊

(၄) သစ်စိမ်းမြေဩဇာထည့်သွင်းမှု စံပြကွက်၊ စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊

(၅) သီးနှံစွန့်ပစ်ပစ္စည်းများ မီးရှို့မှုကို ကာကွယ်ရန် နည်းပညာပေးသင်တန်းများဆောင်ရွက်ခြင်း၊

(၆) မြေဆွေးကိုအသုံးပြု၍ ဓာတ်မြေဩဇာအသုံးပြုမှု လျှော့ချရန် အတွက်စမ်းသပ်မှုများပြုလုပ်ခြင်း အစရှိသောလုပ်ငန်းများကို တောင်သူစိုက်ခင်းများတွင် လက်တွေ့ပြသဆောင်ရွက်နေကြသည်။

တောင်သူများအနေဖြင့် မိမိစိုက်ခင်းမှထွက်ရှိသော ကောက်ရိုးနှင့်သီးနှံအကြွင်းအကျန်များ၊ စိုက်ခင်းပတ်ဝန်းကျင်မှ အလွယ်တကူရယူစုဆောင်းနိုင်သော သစ်ကိုင်းသစ်ခက် လယ်ယာမြေအမှိုက်များကို မြေဆီလွှာအာဟာရပြန်လည်ဖြည့်စွမ်းပေးနိုင်သော ရတနာတစ်ခုပမာ တန်ဖိုးထား စံစနစ်ကျနစွာ ပြန်လည်အသုံးပြုကြပါလျှင်**“ကျေးရွာအမှိုက် လယ်ယာမြေရတနာသိုက်”** ဖြစ်လာမှာအမှန်ပင် ဖြစ်ပါသည်။ ။

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁–၂–၂၀၂၆ ရက်နေ့မှ ၁၅–၂–၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိသတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO)စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၊ ကမာရွတ်မြို့နယ် | ကောင်းမွန် | | | | | |
| | ၃ | ကျောက်တံတားမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်း | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | - | - | ကောင်းမွန် | | | - |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ခံနိုင်ရည် နည်းပါးသောသူများ အတွက်သာ | ကောင်းမွန် | | | | ကျန်းမာ ရေးကို ထိခိုက်စေ နိုင်သော အဆင့် |
| | ၂ | သရက်မြို့ | - | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | - | - | ကောင်းမွန် | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | လက်ခံနိုင် သော | ကောင်းမွန် |
| ၁၀ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၁ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | ကျိုင်းတုံမြို့ | ခံနိုင်ရည် နည်းပါးသောသူများ အတွက်သာ | - | - | - | - | - |
| | ၃ | တာချီလိတ်မြို့ | ခံနိုင်ရည် နည်းပါးသောသူများ အတွက်သာ | - | - | - | - | - |
| | ၄ | မိုင်းဆတ်မြို့ | - | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index–AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခေတ္တပြည်နယ်တာဝန်ခံက မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆွေးနွေးပွဲကျင်းပရသည့်ရည်ရွယ်ချက်နှင့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနအလိုက် မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင်ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



**ဓာတ်ပုံ-ဝင်းမင်းစိုး**

# မြိတ်မြို့၌ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့်(191)စတေကာများကပ်နှိပ်

မြိတ် ဖေဖော်ဝါရီ ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း ဦးဆောင်ပြီး သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် (191)စတေကာများကပ်နှိပ်ခြင်းကို မြိတ်မြို့ ခရိုင်မီးသတ်စခန်းရှေ့၊ ဆိပ်ငယ်ဈေး၊ ရေဆင်းတံတားနှင့် ရေဆိပ်တို့၌ ဖေဖော်ဝါရီလ ၁၈ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

အလားတူ မြိတ်မြို့နယ် ကျွဲကူးကျေးရွာပျံကျဈေး၌ ကျွဲကူးနယ်မြေမီးသတ်စခန်းမှလည်းကောင်း၊ သမုတ်ကျေးရွာ ကျေးလက်ကျန်းမာရေးလမ်းဆုံနှင့် မရင်းဖျားလမ်းဆုံ၌ သမုတ်နယ်မြေမီးသတ်စခန်းမှလည်းကောင်း၊ မြိတ်မြို့အတွင်းရှိ တပ်ပြင်ဈေးနှင့် ကုန်စိမ်းဈေး၌ အမှတ်(၁) အရန်မီးသတ်တပ်ရင်းမှလည်းကောင်း၊ သီရိမင်္ဂလာဈေးနှင့် နောက်လယ်ဈေး၌ အမှတ်(၂)အရန်မီးသတ်တပ်ရင်းမှလည်းကောင်း၊ သီဟဇေယျဈေးနှင့် ဆန်းသီရိမီးပွိုင့်လမ်းဆုံ၌ အမှတ်(၃)အရန်မီးသတ်တပ်ရင်းမှလည်းကောင်း၊ အောင်မင်္ဂလာဈေး၊ ကားဝင်းအသစ်နှင့်အရှေ့သိမ်းလမ်းဆုံတို့၌ အမှတ်(၄)အရန်မီးသတ်တပ်ရင်းမှလည်းကောင်း သက်ဆိုင်ရာနယ်မြေမီးသတ်စခန်းတာဝန်ခံများနှင့် အရန်မီးသတ်ဒုတိယတပ်ရင်းမှူးများ ဦးဆောင်၍ တစ်ပြိုင်နက်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါမီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်တွင် မီးလောင်မှုဖြစ်စေ၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်သည်ဖြစ်စေ မီးသတ်ဦးစီးဌာနသို့ အကူအညီတောင်းခံနိုင်မည့် ဖုန်းနံပါတ်များ၊ မီးအသုံးပြုသူများ လိုက်နာဆောင်ရွက်သင့်သည့်အချက်များ၊ မိမိနေအိမ်တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးသတ်ယာဉ်များ အမြန်ဆုံးလာရောက်ငြိမ်းသတ်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အကြောင်းအရာများ၊ မော်တော်ယာဉ်တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားသင့်ကြောင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ဓာတ်ဆီဖြည့်လျှင်၊ ဓာတ်ဆီဖလှယ်လျှင် သတိထားသင့်သောအကြောင်းအရာများ၊ မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သတိထားပြုလုပ်သင့်ပုံ စသည့်အကြောင်းအရာများကို ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရန် ဖုန်းနံပါတ်(191)စတေကာများကို မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များရှေ့၌လည်းကောင်း၊ လမ်းဘေးဓာတ်မီးတိုင်များ၊ ဈေးအတွင်းအပြင်ရှိ အများပြည်သူမြင်သာသည့်နေရာများ၌လည်းကောင်း ကပ်နှိပ်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# ကျေးလက်ကုန်ထုတ် တံတားတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဝေါ ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပေါက်တန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ဖေဖော်ဝါရီလ ၁၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်မျိုး၊ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်းနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ပေါက်တန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

ဝေါမြို့နယ် ပေါက်တန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းပေါ်၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၉၃ ဒသမ ၃ သန်းဖြင့် ဓနတိုးပွားကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင်လက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ပေါက်တန်းကျေးရွာရှိ အိမ်ထောင်စုဝင်များ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# မြစ်သားမြို့နယ်၌ ကွန်ကရစ်ပစ္စည်းများ ရောင်းအားကောင်းလျက်ရှိ

မြစ်သား ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ရွှေပေါ်ကုန်းကျေးရွာအုပ်စု ရွှေပေါ်ကုန်းကျေးရွာ၌ ကွန်ကရစ်ပစ္စည်းများ ရောင်းအားကောင်းလျက်ရှိကြောင်း ကွန်ကရစ်ပစ္စည်းများပြုလုပ်ရောင်းချသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ကွန်ကရစ်ဖြင့်ပြုလုပ်သည့် ခြံစည်းရိုးကွန်ကရစ်တိုင်၊ ကျောက်ခွေ၊ ရေပြွန်၊ နွားစားကျင်းခွက်၊ ကျောက်စည်ပိုင်း၊ အုတ်ဖိနပ် စသည့်ပစ္စည်းများကို နေအိမ်ခြံဝင်းအတွင်း ပြုလုပ်ရောင်းချခြင်းဖြစ်သည်။

အဓိကရောင်းအားကောင်းသောပစ္စည်းများမှာ ခြံစည်းရိုးကွန်ကရစ်တိုင်၊ နွားစားကျင်းခွက်၊ ကျောက်စည်ပိုင်း၊ အုတ်ဖိနပ်တို့ဖြစ်သည်။ ကျေးရွာလမ်းများပြုလုပ်ရာတွင် အသုံးပြုသည့်ရေပြွန်များလည်း ရောင်းချရပြီး ကွန်ကရစ်ပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများဖြစ်သော ဘိလပ်မြေ၊ ကျောက်စရစ်၊ သဲ၊ သံချောင်း စသည့် ကုန်ကြမ်းပစ္စည်းများသည် ဝယ်လိုအားပေါ်မူတည်ပြီး ဈေးနှုန်းပြောင်းလဲရောင်းချလျက်ရှိသည်။

အဆိုပါဒေသ၌ ခြံစည်းရိုးကွန်ကရစ်တိုင်၊ ကျောက်ခွေ၊ ရေပြွန်၊ ကျောက်စည်ပိုင်းနှင့် အုတ်ဖိနပ်အကြီးများမှာ ပွဲလင်းရာသီတွင် ရောင်းအားအကောင်းဆုံးဖြစ်သည့်အတွက် လုပ်ငန်းလုပ်ကိုင်သူများ အပိုဝင်ငွေရရှိကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# မအူပင်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

မအူပင် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖေဖော်ဝါရီလ ၁၉ ရက်တွင် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ မအူပင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအာကာဦးက လူငယ်များ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အသိပညာ၊ ဗဟုသုတများတိုးပွားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဦးဘိုထွေး (ပညာရေးငြိမ်း)က သင်ကြားမည့်ဘာသာရပ်များနှင့် သင်တန်းအား စိတ်ပါဝင်စားစွာ တက်ရောက်ကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းကို ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိပြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် သင်တန်းများ၊ အသိပညာပေး Talk Show များ၊ ဟောပြောပွဲများ၊ စာဖတ်ဝိုင်းများ၊ ပြပွဲ၊ ပြိုင်ပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ရီးယဲလ်မက်ဒရစ်အသင်းနှင့်ဘင်ဖီကာအသင်းတို့ပွဲစဉ်မှဖြစ်ရပ်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်မှ စုံစမ်းစစ်ဆေးနေ



မက်ဒရစ် ဖေဖော်ဝါရီ ၁၉

ချန်ပီယံလိဂ်ပြိုင်ပွဲ PLAY-OFF ပွဲစဉ်အဖြစ်ကစားသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘင်ဖီကာအသင်းတို့ပွဲစဉ်မှဖြစ်ရပ်အတွက် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ကစားသမား ဗင်နီစီးယက်အား ဘင်ဖီကာအသင်းမှ ဖရန်ကို့တီဇီယာက လူမျိုးရေးခွဲခြားမှုလုပ်ဆောင်ခြင်းရှိ၊ မရှိနှင့်ပတ်သက်ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်မှ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းက ဘင်ဖီကာအသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲချိန်မိနစ် ၅ဝ တွင် ဗင်နီစီးယက်က အသင်းအတွက် သွင်းဂိုးသွင်းယူနိုင်ပြီးနောက် ၎င်းအား အော်ဟစ်လှောင်ပြောင်နေသည့် ဘင်ဖီကာအသင်းပရိသတ်များရှိသည့်ပွဲကြည့်စင်ဘက်တွင် အလွန်အကျွံအောင်ပွဲခံခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက ဗင်နီစီးယက်အား အဝါကတ်ပြသတိပေးမှုပြုလုပ်ခဲ့သည်။

ဗင်နီစီးယက်ဂိုးသွင်းအပြီး ၁ဝ မိနစ်အကြာ ပွဲချိန်မိနစ် ၆ဝ တွင် ဗင်နီစီးယက်နှင့် ဘင်ဖီကာအသင်းမှ ပရက်စတီယာနီတို့ အချင်းများခဲ့ပြီးနောက် ကစားသမားများ ရှန်းရင်းဆန်ခတ်ဖြစ်ပွားချိန်တွင် ဘင်ဖီကာအသင်းမှ ဖရန်ကို့တီဇီယာက ပါးစပ်ကို ဂျာစီဖြင့်အုပ်ပြီး ဗင်နီစီးယက်အား လူမျိုးရေးခွဲခြားသည့်စကားများပြောဆိုခဲ့သည်ဟု ဗင်နီစီးယက်က ကွင်းလယ်ဒိုင်လူကြီး လီတီဇီယာထံ တိုင်ကြားမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် ဖရန်ကို့တီဇီယာက ဗင်နီစီးယက်အား မျောက်ဟုအသုံးအနှုန်းသုံးပြီး လှောင်ပြောင်မှုပြုလုပ်ခဲ့သည်ဟု ဗင်နီစီးယက်က ကွင်းလယ်ဒိုင်လူကြီးထံ တိုင်ကြားမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အတွက် ဗင်နီစီးယက်က ပွဲကိုဆက်လက်ကစားလိုခြင်းမရှိ၍ ကွင်းပြင်ပသို့ ထွက်ခွာခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကစားသမားများကလည်း ကွင်းပြင်ပသို့ ထွက်ခွာခဲ့သည့်အတွက် ပွဲစဉ်ကို ၁ဝ မိနစ်ခန့်ရပ်နားခဲ့ရသည်။

လက်ရှိတွင် ဥရောပဘောလုံးအဖွဲ့ချုပ်က အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေပြီး ဥရောပဘောလုံးအဖွဲ့ချုပ်က ပြစ်မှုထင်ရှားကြောင်း အတည်ပြုပါက ဥရောပဘောလုံးအဖွဲ့ချုပ်ကော်မရှင်က ၁ဝ ပွဲပယ်ပြစ်ဒဏ်ချမှတ်ဖွယ်ရှိကြောင်း သိရသည်။ *Ref;Fabrizio Romano*

# အေစီမီလန်အသင်းက ကာမာဒါအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ကြိုးပမ်း

မီလန် ဖေဖော်ဝါရီ ၁၉

အေစီမီလန်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကွင်းလယ်ကစားသမား ကာမာဒါအား လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

ကာမာဒါသည် ၂၀၂၄ ခုနှစ်က ဖရန့်ဖက်အသင်းမှ ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းက ကာမာဒါအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်မဟုတ်သည့်အတွက် ယခုဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာရမည်ဖြစ်သောကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

ကာမာဒါအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်အခြေအနေများကြောင့် အေစီမီလန်အသင်းအပြင် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အက်စ်တွန်ဗီလာအသင်း၊ အဲဗာတန်အသင်းနှင့်စပါးအသင်းတို့ကလည်း ခေါ်ယူရန်စီစဉ်နေသည့်အတွက် အေစီမီလန်အသင်းက လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;One Football*

# ဘိုင်ယန်မြူးနစ်အသင်းက နီကိုလတ်ဂျက်ဆင်အား ရာသီအကုန်တွင် ချယ်လ်ဆီးအသင်းထံ ပြန်လည်စေလွှတ်မည်

ဘာလင် ဖေဖော်ဝါရီ ၁၉

ဘိုင်ယန်မြူးနစ်အသင်းက တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်ကစားသမား နီကိုလတ်ဂျက်ဆင်အား အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူမည်မဟုတ်ဘဲ ယခုဘောလုံးရာသီအကုန်တွင် ချယ်လ်ဆီးအသင်းထံ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

နီကိုလတ်ဂျက်ဆင်သည် ၂၀၂၃ ခုနှစ်က ဗီလာရီးယဲလ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ပထမဆုံးဘောလုံးရာသီတွင် ခြေစွမ်းပြနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက နီကိုလတ်ဂျက်ဆင်အား တစ်ရာသီအငှားစာချုပ်အတွက် ပေါင် ၁၄ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကြား နီကိုလတ်ဂျက်ဆင်အား အငှားစာချုပ်ဖြင့် ခေါ်ယူစဉ်က ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ယခုဘောလုံးရာသီတွင် တစ်ပွဲလျှင် ၄၅ မိနစ်နှုန်းဖြင့် ပွဲ ၄ဝ ကစားခွင့်ပြုခဲ့ပါက ရာသီအကုန်တွင် ပေါင် ၅၂ သန်းဖြင့် ခေါ်ယူရမည်ဟု စာချုပ်တွင်ထည့်သွင်းချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းက အစောပိုင်းက နီကိုလတ်ဂျက်ဆင်အား အသုံးပြုခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရုန်းကန်နေရပြီး ၂၂ ပွဲတည်းသာ ကစားထားသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက နောက်ပိုင်းပွဲစဉ်များတွင် အသုံးပြုခြင်းမရှိဘဲ အပြီးသတ်စာချုပ်မချုပ်ဆိုလိုသည့်အတွက် ရာသီအကုန်တွင် ချယ်လ်ဆီးအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*



# လက်စတာအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် အောက်ဖို့ဒ်ယူနိုက်တက်အသင်းနည်းပြဟောင်း ဂရေးရိုဝက်အား ခန့်အပ်ရန်သဘောတူညီမှုရရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၉

လက်စတာအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် အောက်ဖို့ဒ်ယူနိုက်တက်အသင်းနည်းပြဟောင်း ဂရေးရိုဝက်အား ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လက်စတာအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များမတည်မငြိမ်ဖြစ်နေသည့်အတွက် နည်းပြ စီဖွန်တီနှင့်လမ်းခွဲပြီးနောက် နည်းပြနေရာ လစ်လပ်နေခြင်းဖြစ်သည်။

လက်စတာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီးနောက် ယခုဘောလုံးရာသီတွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ၌လည်း ရာသီအစပိုင်းကတည်းက ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရသည့်အတွက် နည်းပြ စီဖွန်တီအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းက တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့်အတွက် ယခုဘောလုံးရာသီတွင် ရလဒ်များပြန်လည်ကောင်းမွန်ပြီး တန်းဆင်းဇုန်မှ လွတ်မြောက်စေရန်အတွက် နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းခဲ့ရာမှ အောက်ဖို့ဒ်ယူနိုက်တက်အသင်း နည်းပြ ဂရေးရိုဝက်အား ခန့်အပ်နိုင်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂရေးရိုဝက်သည်လည်း ယခုဘောလုံးရာသီတွင် အောက်ဖို့ဒ်ယူနိုက်တက်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် ၂၀၂၅ ခုနှစ်ဒီဇင်ဘာလက နည်းပြရာထူးမှထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

လက်စတာအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များမတည်မငြိမ်ဖြစ်နေသည့်အပြင် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုကြောင့် ရမှတ်ခြောက်မှတ်လျှော့ပြစ်ဒဏ် ချမှတ်ခံခဲ့ရပြီးနောက် လက်ရှိတွင် ရမှတ် ၃၂ မှတ်ဖြင့် တန်းဆင်းဇုန်ဖြစ်သည့် အမှတ်ပေးဇယားအဆင့်(၂၂)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။ *Ref;Top Skill Sports UK*

# တရားမဝင် မီးသွေးများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် လိုင်စင်မဲ့ငါးဖမ်းရေယာဉ်များ ဖမ်းဆီးရမိ




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၄ ရက်နှင့် ၇ ရက်**တို့တွင် ကော့သောင်းမြို့နယ်၊ ဇီဝစိုးကျွန်းအနီး၌ တရားဝင် ငါးဖမ်းခွင့်လိုင်စင်မရှိသည့် ငါးဖမ်းရေယာဉ် (၃)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ပင်လယ်ပြင်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ငွေပုလဲချောင်းကမ်းအနီး၌ တရားမဝင် ပေါင် (၆၀) ဝင် မီးသွေးအိတ် (၇၃)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၅၆၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၄၅၆၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နှင့် ၇ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၄၅၆၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၇၀ ဒသမ ၆၃၈၆) တန်၊ သစ်မာ (၁၂ ဒသမ ၃၆၅၄) တန်၊ အခြား (၉၂ ဒသမ ၈၃၃၈)တန်၊ စုစုပေါင်း (၁၇၅ ဒသမ ၈၃၇၈) တန်၊ ယာဉ်/ယန္တရား (၄)စီး၊ တရားခံ (၁၉) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ



**၁၉-၂-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆. ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**


### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၃၈)၊ ဦးပိုင်အမှတ်(၄-က)၊ (အလျား ၃၂'-၀"x အနံ ၃၂'-၀")ရှိသော ဦးခင်မောင်အမည်ပေါက်ဝိုင်းမြေပေါ်တွင် ဦးမြင့်သိန်း(၉/မခန(နိုင်)ဝ၆၅၉၈၈)ကိုင်ဆောင်သူမှ(အလျား ၃၂'-၀")ရှိသော အုတ်ဝန်းခြံနှင့်(အလျား ၂၄'-၀"x အနံ ၂၄'-၀")ရှိ ဝါးထရံကာသွပ်မိုး(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၄)ကွေ့ကြီး(တောင်)၊ ဦးပိုင်အမှတ်(၂၅၀)၊ ဧရိယာ(၀.၀၂၈)ဧက(အလျား ၃၀'-၀"x အနံ ၄၀'-၀")ရှိသော ဦးဘမော်(၉/မခန(နိုင်)၁၅၀၅၂၁)အမည်ပေါက်ဝိုင်းမြေပေါ်တွင်(အလျား ၂၂'-၀"x အနံ ၂၈'-၀")Iron Frame(၁)ထပ် ထပ်တိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ်(၃၈-က)ပ၊ ဦးပိုင်အမှတ်(၅/၆၈)၊ ဧရိယာ(၀.၀၉)ဧက(အလျား ၅၅'-၀"x အနံ ၇၀'-၀")ရှိသော ဦးခင်ဦးအမည်ပေါက်ဝိုင်းမြေပေါ်တွင် ဦးစိုးဝင်း(၉/မခန(နိုင်)၁၂၀၉၃၄)ကိုင်ဆောင်သူမှ(အလျား ၃၂'-၀"x အနံ ၃၈'-၀")Iron Frame (၁)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အောင်ဆန်းလမ်း၊ ဦးပိုင်အမှတ်(၁၆/ဓ)၊ မြေကွက်အမှတ်(၁၀၈)နေ ဒေါ်ခင်မြ (၉/မထလ(နိုင်)၂၁၂၄၇၇)ကိုင်ဆောင်သူမှ(အလျား ၃၄'-၀"x အနံ ၁၈'-၀") Steel Structure(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၈၄ လမ်း၊ ၁၀၃ ဘီလမ်းနေ ပြည့်ပြည့်ဖြိုးဝေ(ဘ)ဦးလှဝေ ၉/ခမစ(နိုင်)၀၀၅၄၃၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MB 202028)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၃၁၈၅၂

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျေးချောင်းကျေးရွာအုပ်စု၊ မွန်းနံကုန်းကျေးရွာနေ မောင်ဇေယျာမင်းထက်(ဘ)ဦးမြင့်မွေး ၉/တကန(နိုင်)၂၃၀၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၁၂၅၂၈၂၉

### ပျောက်ဆုံးကြောင်း

သရက်မြို့၊ အမှတ်(၆)၊ လှည်းတန်းလမ်းနေ ဦးတင်ဇော်ဝင်း(ဘ)ဦးဇော်ဝင်း ၈/သရန(နိုင်)၀၀၂၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်နေ ခင်ငွေးမြင့်(ဘ)ဦးသန်းစိန် ၉/မခန(နိုင်)၀၁၃၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၁၂၇၀၈၃

### ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့နေ မျိုးသီတာအောင်(ဘ)ဦးမျိုးမြင့်နောင် ၁/မကန(နိုင်)၁၆၆၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

အမှတ်-၅၅၊ ကံ့ကော်လမ်း၊ ဝေ/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဗဟိဏ်းစိုး(ဘ)ဦးမြင့်စိုး ၁၂/စခန(နိုင်)၀၈၃၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကရပ်ပြင်ရပ်၊ ရတနာမာန်အောင်လမ်းနေ မပြည့်သူဇာအောင်(ဘ)ဦးချစ်အောင် ၆/ထဝန(နိုင်)၁၃၁၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 757509)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၈၂၃၀၁၇

**အလိမ္မာစာမှာရှိ**

### ပျောက်ဆုံးကြောင်း

ဇင်သူဇာအောင်(ဘ)HAI SAH(ခ)ဦးမြင့်လွင် ၁၂/မဂဒ(နိုင်)၁၆၄၉၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၄၄၈၄၅၀

### ပျောက်ဆုံးကြောင်း

မျိုးညွန့်(ဘ)ဦးသန်းဝင်း ၅/အရတ(နိုင်)၀၆၀၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

ချိန်ကျင်ရင်(ဘ)ဦးတုံမြင်စိုက် ၉/မကန(နိုင်)၀၈၆၂၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၃၆၁၃၉၆၉

### ပျောက်ဆုံးကြောင်း

ဦးသီဟ(ဘ)ဦးမြသင်း ၁၂/မဂဒ(နိုင်)၀၉၈၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ကျော်မင်းဦး(ဘ)ဦးစံရွှေအောင် ၁၁/ရသတ(နိုင်)၀၈၉၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဒေါ်တင်အေး(ဘ)ဦးထွန်းကြည် ၇/သဝတ(နိုင်)၀၁၁၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၂၇၄၁၂

### ပျောက်ဆုံးကြောင်း

လင်းထက်အောင်(ဘ)ဦးအောင်ကိုလတ် ၁၂/သလန(နိုင်)၁၆၀၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဖြူဖြူအောင်(ဘ)ဦးအောင်မြင့် ၇/ပခန(နိုင်)၂၆၅၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၅၃၀၀၈၁၁

### ပျောက်ဆုံးကြောင်း

အောင်သီဟ(ဘ)ဦးမောင်မောင်မြင့် ၁၂/မရက(နိုင်)၁၉၅၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

စိန်လင်းထိုက်(ဘ)ဦးတော်မီဇော်ဒိန် ၉/ပဥလ(နိုင်)၀၀၄၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 095334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ကျော်ဦး(ဘ)ဦးမောင်နီး ၁၃/နစန(နိုင်)၀၂၄၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း

ဖြိုးနှင်းစိုး(ဘ)ဦးမြင့်စိုး ၇/ကတခ(နိုင်)၂၀၀၇၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 484103)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

နွေးနွေးလှိုင်(ဘ)ဦးမင်းမင်း ၁၂/ကမတ(နိုင်)၀၉၀၃၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၇၀၇၈၀၆၃

### အမည်ပြောင်း

(ဦးအောင်တင်)-(ဒေါ်ဇာဇာ)တို့၏သမီးဖြစ်သူ မလင်းလက်ချို နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/ဇယသ(နိုင်)၀၃၀၇၉၀ ကိုင်ဆောင်သူအား မဝတီခင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မဝတီခင်

### ပျောက်ဆုံးကြောင်း

မောင်ပုလဲနိုင်(ဘ)ဦးသန်းငွေ ၅/ကလထ(နိုင်)၁၁၆၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

အရှင်ပညာဝံသ(ဘ)ဦးဖိုးထောင် ၁၁/သတန(သ)၀၀၀၃၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့(အစား)၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ဥပဒေပုဒ်မ ၁၅၂(က)အရ**
**"SAN KAUNG KHAING MANUFACTURING COMPANY LIMITED"**
**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၉)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ "SAN KAUNG KHAING MANUFACTURING COMPANY LIMITED"အား (၁၉-၂-၂၀၂၆)ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည်(B.Com(Q)C.P.A, ASEAN CPA, Member of MAIP)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ရန် အဆိုပါအစည်းအဝေးတွင် တစ်ပါတည်းဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| DAW HTAR HTAR YI | ဒေါ်စန်းကြည် |
| Managing Director | (B.Com(Q) C.P.A) |
| "SAN KAUNG KHAING MANUFACTURING COMPANY LIMITED" | (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) |

---

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ဥပဒေပုဒ်မ ၁၅၂(က)အရ**
**"SAN KAUNG KHAING TRADING COMPANY LIMITED"**
**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၉)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ "SAN KAUNG KHAING TRADING COMPANY LIMITED"အား (၁၉-၂-၂၀၂၆)ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည်(B.Com(Q)C.P.A, ASEAN CPA, Member of MAIP)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ရန် အဆိုပါအစည်းအဝေးတွင် တစ်ပါတည်းဆုံးဖြတ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| DAW HTAR HTAR YI | ဒေါ်စန်းကြည် |
| Managing Director | (B.Com(Q) C.P.A) |
| "SAN KAUNG KHAING TRADING COMPANY LIMITED" | (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) |

---

**ဗိုလ်မှူးချုပ် သူရစိန်သောင်း(ငြိမ်း)**
**ကြည်း ၁၃၂၇၃**
OTS 49
**အသက်(၇၅)နှစ်**

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဒေးဗရိန်းကျေးရွာနေ (ဦးဘိုးပိန်+ဒေါ်ရင်ကြွေ)တို့၏သားကြီး၊ ဒေါ်အေးမိစံ၊ ဦးဝင်းမောင်+ဒေါ်ထားရီတို့၏အစ်ကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂(ခ)ရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်းနေ (ဒေါ်ခင်ဌေးမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ချယ်ရီစိန်သောင်း၊ ရဲမှူးကြီးထိန်ဝင်း+ဒေါ်ငုဝါစိန်သောင်း၊ ဗိုလ်ကြီးဖြိုးသီဟ+ဒေါ်အိသန္တာထက်၊ ဦးထူးဝဏ္ဏစိန်သောင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မောင်ဘုန်းသော်ခန့်၊ မသက်ညွှန့်ခင်၊ မောင်ကောင်းမြတ်သီဟတို့၏ အဘိုးဖြစ်သူ ဗိုလ်မှူးချုပ် သူရစိန်သောင်း(ငြိမ်း)သည် ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်၊ ၁၈-၂-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)ည ၂၀:၀၈ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၂-၂-၂၀၂၆ ရက်(တနင်္ဂနွေနေ့)၁၀:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကျန်ရှိသော အရိုးပြာများအား ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း(နေအိမ်မှကားများ ၉:၃၀ နာရီတွင် ထွက်ခွာပါမည်)ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၆ ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူချိုဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူချိုဦး ၁၂/ဗဟန(နိုင်)၀၀၃၁၀၀ သည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ပုဗ္ဗသီရိမြောက်ရပ်)မြေကွက်အမှတ်(ပ-၃၃၈၀၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေခန့်၊ ဧရိယာ(၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)အကျယ်အဝန်းရှိ အိမ်ခြံမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးအောင် ၅/ငဇန(နိုင်)၀၁၂၂၃၃ ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူထံသို့ဖြစ်စေ၊ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မူချိုဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချမ်းငြိမ့်ရွှေရည်ကျော်(LL.B)၊ အထက်တန်းရှေ့နေ(စဥ်-၅၄၈၈၂)**
**အမှတ်(၂၁၆၀၁၂)၊ ပိတောက်(၂)လမ်း၊ သုခဒီပရပ်ကွက်**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် ၀၉-၄၄၁၅၆၆၂၆၇**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်သန်းမြင့်**
**အသက်(၉၀)နှစ်**

ချစ်သူငယ်ချင်း ဦးလူတင်+ဒေါ်မေစိုးသူတို့၏ ချစ်လှစွာသော မွေးသမိခင် ဘုရားဒါယိကာမ ဒေါ်သန်းမြင့် အသက်(၉၀)နှစ်သည် ၁၈-၂-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)ည ၆:၅၅ နာရီ၌ ၉၆ ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဥ်(၂၆)မှ သူငယ်ချင်းများနှင့်မိသားစုများ**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျောက်မဲမြို့၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယ-မြို့နယ်ပညာရေးမှူး ဦးမျိုးအောင် ၁၃/နခတ(နိုင်)၀၃၈၀၉၅ ၏ဖခင် ဦးချစ်တရာဗဟာဒူးနှင့် ဦးချစ်တရာသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချစ်တရာဗဟာဒူး(ခ)ဦးချစ်တရာ**

---

**အမည်ပြောင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့မှ အဘ ဦးငြိမ်းကိုကိုလွင်၏သမီး မဆုလာဘ်အိမ်အား မစံရတီလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစံရတီလွင်**

---

**အမည်ပြောင်း**

အ.ထ.က(၅)တောင်ကြီးမြို့၊ Grade-6(B)မှ အဘ ဦးမောင်ရင်၏သမီး မနန်းတိုင်းခမ်းအားယနေ့မှစ၍ မနန်းဆုဖွေခမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနန်းဆုဖွေခမ်း**

---

**ပျောက်ဆုံးကြောင်း**

မကြားရင်(ဘ)ဦးခိုင်ယူ ၁၃/နမန(နိုင်)၀၅၇၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

---

**ပျောက်ဆုံးကြောင်း**

မေသန္တာ(ဘ)ဦးတင်ဆောင် ၉/မထလ(နိုင်)၃၆၆၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၁၉၂၇၉၇၃

---

**ပျောက်ဆုံးကြောင်း**

ဇော်မျိုးနိုင်(ဘ)ဦးသိန်းနိုင် ၁၂/လသယ(နိုင်)၀၇၈၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 330967)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၆၆၁၈၂၈

---

**ပျောက်ဆုံးကြောင်း**

ဝင်းထက်ကျော်(ဘ)ဦးဇော်မင်းဦး ၁၂/ကခက(နိုင်)၁၂၈၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 995892)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၁၅၅၀၃၅

---

**ပျောက်ဆုံးကြောင်း**

မျိုးမင်းဦး(ဘ)ဦးမြဇော် ၁၂/ရကန(နိုင်)၀၇၉၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၅၅၈၆၃

---

**ပျောက်ဆုံးကြောင်း**

အောင်သူ(ဘ)ဦးသန်းထွန်း ၂/လကန(နိုင်)၀၆၆၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၅၂၈၅၁၄

---

**ပျောက်ဆုံးကြောင်း**

ရွှေဇင်ထွေး(ဘ)ဦးရီသိန်း ၁၀/ကထန(နိုင်)၁၆၇၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၀၃၇၉၆၃၁

---

**ပျောက်ဆုံးကြောင်း**

သက်လွင်အောင်(ဘ)ဦးသိန်းဦး ၁၂/ကတန(နိုင်)၁၁၅၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 348805)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၈၄၄၃၁၇၃

---

**ပျောက်ဆုံးကြောင်း**

တင်သန်း(ဘ)ဦးအိမ် ၁/ဗမန(နိုင်)၀၀၈၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၃၈၅၂၆၂

---

**ပျောက်ဆုံးကြောင်း**

လမင်းအောင်(ဘ)ဦးစိုးမြင့် ၉/တသန(နိုင်)၂၅၁၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

---

**ပျောက်ဆုံးကြောင်း**

အေးသဇင်ဦး(ဘ)ဦးဝင်းကိုဦး ၁၂/တကန(နိုင်)၂၅၂၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

---

**ပျောက်ဆုံးကြောင်း**

အိမ့်ကဗျာမောင်(ဘ)ဦးအောင်ကျော်စိုး ၁၃/နခတ(နိုင်)၁၂၅၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၂၇၉၅၀၅၇

---

**ပျောက်ဆုံးကြောင်း**

ရီရီကျော်(ဘ)ဦးညီညီ ၅/ကလထ(နိုင်)၃၃၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၁၁၀၆၆၈၂

---

**ပျောက်ဆုံးကြောင်း**

စုလှိုင်အေး(ဘ)ဦးစိုးတင့် ၁၄/ညတန(နိုင်)၂၂၄၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 499719)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၉၅၃၅၅၃၆

---

**ပျောက်ဆုံးကြောင်း**

ဇင်သူဝင်း(ဘ)ဦးအောင်ဝင်း ၇/ကဝန(နိုင်)၁၉၀၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

---

**ပျောက်ဆုံးကြောင်း**

မင်းအောင်ထိုက်(ဘ)ဦးထွေးအောင် ၃/ဘအန(နိုင်)၁၂၁၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၈၁၁၈၉၉

---

**ပျောက်ဆုံးကြောင်း**

အေးအေးချို(ဘ)ဦးအောင်သန်း ၁၀/ပမန(နိုင်)၀၄၂၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၆၂၉၇၀၇


Smart P ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
DOUBLE ELEPHANT
PORTLAND CEMENT
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀
BLUE DIAMOND
CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ ကျောင်းသား၊ ကျောင်းသူများ၏စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ် . . .

❖ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသားဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အရေးပါသဖြင့် ကျောင်းဆင်းပြီးကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင်ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလို . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အီကွေတာအနီးအိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံသို့ ဦးတည်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## (၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

၂၀၂၆ ခုနှစ်၊ (၈၁) နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် (၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊

စာမျက်နှာ ၆ ကော်လံ ၄ ◆



(၃၂)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။



## ကျောက်ဆည်မြို့နယ် မှိုင်းပန်ကျေးရွာ၌ စိုက်ပျိုးထားသော ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် မှိုင်းပန်ကျေးရွာ၌ စိုက်ပျိုးထားသော ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မှိုင်းပန်ကျေးရွာမှ တောင်သူအများစုသည် ယာမြေအများစုပိုင်ဆိုင်ကြပြီး သီးနှံများစိုက်ပျိုးရာတွင် မိုးရေနှင့်မြေအောက်ရေကို အဓိကထားစိုက်ပျိုးရသည့်အတွက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံ၊ ကြက်သွန်ဖြူ/နီ၊

စာမျက်နှာ ၁၁ ကော်လံ ၁ ●

## ဒဂုံစတားယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ၂ဂိုး ၁ဂိုးဖြင့်အနိုင်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၈)ပြိုင်ပွဲ၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ သီဟဒီပကွင်း၌ နိုင်ပွဲဆက်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ယူသွားသည်။

ပထမပိုင်းပွဲစသည်နှင့် ဒဂုံစတား

စာမျက်နှာ ၂၄ ကော်လံ ၄ ▼



## တရားမဝင် မီးသွေးများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် လိုင်စင်မဲ့ ငါးဖမ်းရေယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် သစ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

